# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 8 December 2025 ၁၂၀၂၅


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြားပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှုအခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်ဆီသို့ ရှက်လွှင့်ချီတက် ခရီးဆက်မည့် မြန်မာ့ရွက်လှေအားကစား

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံမှာ ပိုက်ကျော်ခြင်းအားကစားကို အားပေးမှုများလာတာကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ ရွှေတံဆိပ်ဆုရရှိအောင် အစွမ်းကုန်ကြိုးစားသွားပါ့မယ်လို့ ကတိပြုပါတယ်

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်စွန့်လှူခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပြုလုပ်

စာမျက်နှာ » ၁၁

ကြေးမုံ

# နိုင်ငံတော်၏အကျိုးစီးပွားကိုရှေးရှု အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင်ပါဝင်

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ဖြစ်ပေါ်လာသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများမှ မွေးဖွားလာသူများဖြစ်၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံကာကွယ်ရေးတာဝန်ဖြစ်သော်လည်း ဒို့တာဝန်အရေးသုံးပါးကို ထိပါးမည့် အန္တရာယ်များရှိနေသောကြောင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်ကတည်းက အမျိုးသားခေါင်းဆောင်ကြီးများ မျှော်မှန်းချက်၊ ပြည်သူများ၏ လိုလားချက်အရ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲများနှင့် နိုင်ငံရေးအဖွဲ့အစည်းများ အကွဲအပြဲဖြစ်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးမည့်အန္တရာယ်များရှိလာသောကြောင့် တပ်မတော်သည် နိုင်ငံ့တာဝန်ကို ယူခဲ့ရသည်။ ဆက်လက်၍ နိုင်ငံတော်ကို ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ဖြင့် ကျင့်သုံးခဲ့သော်လည်း မအောင်မြင်သော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်နိုင်ငံရေးပယောဂများ ပူးကပ်လာသောကြောင့် တိုင်းပြည်ပြိုကွဲနိုင်မှုအခြေအနေများရှိလာသဖြင့် တပ်မတော်သည် နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရသည်။

တပ်မတော်သည် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မျက်ခြည်အပြတ်မခံဘဲ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေသည့်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရမှုများစသည့် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများ၊ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းကာ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၆ ရက်က ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအားတွေ့ဆုံစဉ် “တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ခေတ်အဆက်ဆက် သမိုင်းကြောင်းများအရ ပါဝင်ခဲ့ရကြောင်း၊ သမိုင်းကြောင်းအရ၊ ဖြစ်ပေါ်နေသည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်များ ထွန်းကားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမရှိသည့်အချိန်တွင် တပ်မတော်အနေဖြင့် လွှတ်တော်တွင် ပါဝင်နေမှုကို အဆင့်ဆင့်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံတော်၏ နောက်ခံသမိုင်းကြောင်းအခြေအနေနှင့် ပကတိအခြေအနေမှန်များကို အရှိကိုအရှိအတိုင်း နားလည်ကြသူများအနေဖြင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆောင်ရွက်နေရမှုအခြေအနေများကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြမှုများကို စွန့်လွှတ်စွန့်စား ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပေးနိုင်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများအားလုံးကို အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ယခုအခါ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို စတင်ကျင်းပပေးမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲ ပထမပိုင်းပြုလုပ်ပြီး နှစ်ပတ်အကြာတွင် ဒုတိယပိုင်းပြုလုပ်မည်ဖြစ်ပြီး ဒုတိယပိုင်းပြုလုပ်ပြီး နှစ်ပတ်အကြာတွင် တတိယပိုင်းကို ပြုလုပ်ပေးမည်ဖြစ်သည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်အထမြောက်စေရေးအတွက် မဲဆန္ဒပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို အမှန်တကယ်ဆောင်ရွက်ပေးနိုင်မည့် ကိုယ်စားလှယ်များအား ရွေးချယ်ပေးနိုင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။




## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ပခုက္ကူမြို့နယ်၌ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် အကျိုးခံစားခွင့်ပေးအပ်ပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများ၏သားသမီးများအား ပညာသင်စရိတ်နှင့် လျော်ကြေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့်ပေးအပ်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ပခုက္ကူမြို့ ကမ္ဘောဇဘဏ်ရုံး၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ထွေးက အမှာစကားပြောကြားပြီး အာမခံအလုပ်သမားများ၏သားသမီး ၉၂ ဦးအတွက် ပညာသင်စရိတ် ငွေကျပ် ၃၉၁၉၅၀၀၀ နှင့် အာမခံအလုပ်သမား ၁၂၀ အတွက် လျော်ကြေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ငွေကျပ် ၁၁၅၉၅၁၆၉ ဒသမ ၆၀ စုစုပေါင်း ငွေကျပ် ၅၀၇၉၀၁၆၉ ဒသမ ၆၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## ထန်းတပင်မြို့နယ်၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ထန်းတပင် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေး (ရုံးချုပ်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အတွင်းရေကျော်-အမယ်ကြီးအို-စံချောင်းလမ်းပေါ်ရှိ အရှည် ၃၆ မီတာ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**အရည်အသွေးပြည့်မီအောင် ဆောင်ရွက်**

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်နှင့် တာဝန်ရှိသူများက ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို သတ်မှတ် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်၊ ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ စီးပွားရေး ပိုမိုအဆင်ပြေချောမွေ့စေရေး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ၇ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **နယ်စပ်ဒေသ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် KK Park နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများအား မြန်မာနိုင်ငံဘက်က အမြစ်ပြတ်ဖြိုချဖျက်ဆီးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချနေမှုများကို နိုင်ငံတော်အဆင့် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး**

○ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြားပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နယ်စပ်ဒေသ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် KK Park နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများအား မြန်မာနိုင်ငံဘက်က အမြစ်ပြတ် ဖြိုချဖျက်ဆီးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်နက်ခဲယမ်းများ တရားမဝင် ရောင်းချနေမှုများကို နိုင်ငံတော်အဆင့် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင်ယခုလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ အပြန်အလှန် နှစ်နိုင်ငံ အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် နေပြည်တော်သို့ နေ့ချင်းပြန်ခရီးလာရောက်ခဲ့သည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow နှင့် တွေ့ဆုံဆွေးနွေးပြီး ၎င်းနှင့်ကိုယ်စားလှယ်အဖွဲ့အား Jasmine Nay Pyi Taw Hotel ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**အတည်ပြု**

နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းများဖြစ်ကြပြီး နှစ်နိုင်ငံအကြား တူညီသောယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ လူမှုဆက်နွယ်မှုများနှင့် စီးပွားရေးအရ အခိုင်အမာ အပြန်အလှန်အမှီသဟဲပြုမှုတို့ဖြင့် ချည်နှောင်ထားကြောင်း၊ ယင်းဆက်နွယ်မှုများသည် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေး မြှင့်တင်ရန် ခိုင်မာအားကောင်းသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း အတည်ပြုသည်။

၎င်းတို့က နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထိန်းသိမ်းရေး၏အရေးပါမှုကို အလေးပေးဆွေးနွေးခဲ့ကြပြီး ယင်းသည် နှစ်နိုင်ငံ နယ်စပ်နေအသိုက်အဝန်းများ သာယာဝပြောရေးအတွက် မရှိမဖြစ် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသမှ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို မြန်မာအစိုးရက အမြစ်ဖြတ်တိုက်ဖျက်လျက်ရှိရာတွင် မြန်မာနှင့် အိမ်နီးချင်းနိုင်ငံများအကြား ထိရောက်သောပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ယင်းအပြင် တရားမဝင်ဂိတ်များမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုများကြောင့်ဖြစ်ပေါ်သည့် နောက်ဆက်တွဲ ဆိုးကျိုးများနှင့် မတည်ငြိမ်မှုများကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးစီးပွားကို ရှေးရှုလျက် တရားဝင်လမ်းကြောင်းမှ ကုန်သွယ်မှုမြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံကိစ္စရပ်များ ဖြေရှင်းရန်နှင့် အပြန်အလှန်အကျိုးစီးပွားကို မြှင့်တင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံသာယာဝပြောရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအတွက် အစဉ်တံခါးဖွင့်ထားပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အာဆီယံလူသားချင်း စာနာထောက်ထားမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) မှတစ်ဆင့် ထိုင်းအစိုးရ၏ ရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ်ရှိ အထက-ခွဲ (သပြေကုန်း)သို့ သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ထိုင်းကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





## မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကစီစဉ်သည့် မွန်ရိုးရာအကနှင့် မွန်ရိုးရာအတီးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က စီစဉ်ကျင်းပသည့် မွန်ရိုးရာအကနှင့် မွန်ရိုးရာအတီးမွမ်းမံသင်တန်းဆင်းပွဲကို ယမန်နေ့က ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်အဆောက်အအုံ၌ ကျင်းပရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်နှင့် ယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌ မိမြအောင်တို့က သင်တန်းနှင့်စပ်လျဉ်းသည့်ကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများက မွန်ရိုးရာအကနှင့် မွန်ရိုးရာတူရိယာများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangket-keow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဥပဒေနှင့်အညီ အလေးထား ဆောင်ရွက်နေမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်း ဆောင်ရွက်မှုများ အရှိန်မြှင့်တင် ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)သို့ သွားရောက် စစ်ဆေးသည်။



ဦးစွာ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး အကြားအလပ်မရှိအကျိုးညီမျှတစွာဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို တိတိကျကျလိုက်နာ၍ အဂတိတရားကင်းရှင်းစွာဖြင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားကာ ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်၍ ရုံးဝင်းအတွင်းရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ဆောက်လုပ်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း (ကျိုင်းတုံ) သို့ရောက်ရှိ၍ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စားဖိုဆောင်နှင့် စာကြည့်တိုက်တို့ကို လည်းကောင်း နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (ကျိုင်းတုံ)သို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာနှင့် အားကစားကွင်း တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံမြို့မှ လွယ်မွေမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ် လေ့လာသင်ယူသွားကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်လာအောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြား ပျိုးထောင်သွားကြရန် မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့မှ မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဖြတ်မြို့မှ တာချီလိတ်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ သင်တန်းသူများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားအားထုတ် လေ့ကျင့်သင်ကြားကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု အာဒီး-နားကျဲ သုံးမိုင် နှစ်ဖာလုံအကွာ တစ်မိုင် လေးဖာလုံ အပြီးသတ် မြေလမ်းဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း လုပ်ငန်းများဆောင်ရွက်မှု လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်၍ လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ပထွက်ခွာ စစ်ဆေးရေးကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် iBMC ဆာဗာခန်းစနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေကို လည်းကောင်း၊ ပြည်ပဆိုက်ရောက်ကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ဆိုက်ရောက်ဗီဇာ(Visa on Arrival)ဖြင့် ရောက်ရှိလာသည့် ခရီးသည်များအား စစ်ဆေးခွင့်ပြုဆောင်ရွက်သည့် ကောင်တာကို လည်းကောင်း၊ ပြည်ပနိုင်ငံအသီးသီးမှ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ဖြင့် ပြန်လည်ရောက်ရှိလာသည့်မြန်မာနိုင်ငံသားများကိုမည်သည့်အထောက်အထားမျှ မတင်ပြနိုင်ပါက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေး၍ NV Card ရရှိပြီးသူများနှင့်နိုင်ငံသားကတ်ပြား တင်ပြနိုင်သူများကို Bographic/ Biometric ကောက်ယူပြီး Unique ID နံပါတ် ထုတ်ပေးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် CIP Lounge အစည်းအဝေးခန်းမ၌ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား တွေ့ဆုံရာ ဦးစွာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက လေဆိပ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ လူဝင်မှုစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အခြေအနေကို ရှင်းလင်းတင်ပြပြီး လေဆိပ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်အောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆိုက်ရောက်၊ ထွက်ခွာလျက်ရှိသည့်ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ အခြေအနေနှင့် လက်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လေဆိပ်တာဝန်ကျဝန်ထမ်းများအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှုတို့ကို အလေးထားကြရန်လိုကြောင်း၊ ခရီးသည်များအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ကြရန်နှင့် မလိုလားအပ်ဘဲ ကြန့်ကြာမှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြရန် လိုကြောင်း၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် လာရောက်ကြမည့် နိုင်ငံခြားသားများ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူ အဆင့်ဆင့်သို့ သတင်းပို့ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ လုံခြုံရေးသတိအမြဲရှိပြီး ဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အသက် (၇၅)နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီးများအား MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အသက် (၇၅)နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီးများအား MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

# တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၇**

တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တပ်ကုန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀) မှ (၈၀) အထက်ရှိ ဆရာ ဆရာမကြီးများ၊ကျောင်းသား ကျောင်းသူဟောင်းများ စုစုပေါင်း ၁၈၉ ဦး တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား လက်အုပ်ချီမိုးကန်တော့ကြသည်။ ထို့နောက် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝေမိုးက ကန်တော့ခံအငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဂါရဝပြု နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ခင်က ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက အသက် (၇၅)နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီးများအား MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ကျောင်းသုံးကိရိယာများ ပေးအပ်သည်။ ဆက်လက်၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများက ဆုံးမဩဝါဒစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား ကျောင်းသူဟောင်းများအား MRTV DTH စလောင်းအစုံ ၃၀ ကို မဲဖောက်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကြီးကို ၁၉၄၆ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၅၂ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း၊ ၁၉၅၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အထက(၁)တပ်ကုန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင်ဘာသာစုံ ဂုဏ်ထူးဖြင့် ထူးချွန်ကြသူများ များစွာ ပေါ်ထွက်ခဲ့ပြီး လက်ရှိတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၂၄ ဦးအား ဆရာ ဆရာမ ၇၂ ဦးက သင်ကြားပေးလျက်ရှိသည်။ အာစရိယပူဇော်ပွဲကို သုံးနှစ်လျှင် တစ်ကြိမ် ကျင်းပကြောင်းသိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်ခံစားရသည့် ပြည်သူများသို့ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ကိုလံဘိုမြို့တွင် လွှဲပြောင်းပေးအပ်လှူဒါန်း

**သီရိလင်္ကာ ဒီဇင်ဘာ ၇**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် ခရိုင် ၂၅ ခုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ကိုးသိန်းကျော် ရေဘေးဒဏ်ခံစားခဲ့ရပြီး လမ်းတံတားများ၊ နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်ကြောင်း နိုင်ငံတကာသို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည့်အတွက် သီရိလင်္ကာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးရှိသည့် အားလျော်စွာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများသို့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် သွားရောက်လှူဒါန်းပို့ဆောင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ




ညွှန်ကြားရေးမှူးချုပ် ဒေါ်လွဲ့လွဲ့အေးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မာလာသန်းထိုက်၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အာရှအလယ်ပိုင်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ချန်မာရီ ရိုဒရီဂို၊ လေတပ်စခန်းဌာနချုပ် စီမံကိန်းဌာနညွှန်ကြားရေးမှူးချုပ် Air Vice Marshal S Deshapriya GM Silva နှင့် သီရိလင်္ကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုတွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က သီရိလင်္ကာနိုင်ငံတွင် ဒီဝါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခဲ့ရမှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက သီရိလင်္ကာအစိုးရနှင့် ပြည်သူများနည်းတူ ထပ်တူဝမ်းနည်းပါကြောင်း၊ နှစ်နိုင်ငံအကြား မိသားစုစိတ်ဓာတ်ဖြင့် အခက်အခဲကြုံချိန်တွင် အပြန်အလှန်ရိုင်းပင်းကူညီမှုပြုခြင်းဖြစ်ပါကြောင်း၊ ဆန်နှင့် အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သီရိလင်္ကာနိုင်ငံ အစိုးရနှင့် ပြည်သူများအနေဖြင့် အမြန်ဆုံးပြန်လည်ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တပ်မတော်လေယာဉ်ဖြင့် တင်ဆောင်လာသော ဆေးဝါးနှင့် ဆေးပစ္စည်း ၂၆ မျိုး တန်ချိန် ၆ ဒသမ ၉၃၈ တန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ တန်ချိန် ၂ ဒသမ ၂၆၂ တန် စုစုပေါင်းတန်ချိန် ၉ ဒသမ ၂ တန်ကို ကိုလံဘိုလေဆိပ်တွင် သီရိလင်္ကာနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ် ကြုံတွေ့ခံစားခဲ့ရသော အစိုးရနှင့် ပြည်သူများအတွက် ယခုလှူဒါန်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ခန့် တန်ဖိုးရှိပြီး ဆန်တန်ချိန် ၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တို့ကို ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်ဆီသို့ ရွက်လွှင့်ချီတက်ခရီးဆက်မည့် မြန်မာ့ရွက်လှေအားကစား

**သီသီမင်း၊ မင်းသစ်**



ထိုင်းနိုင်ငံ ပတ္တရားကမ်းခြေ၏ ပင်လယ်ရေပြာပြာထက်တွင် မြန်မာနိုင်ငံအလံ ရွက်လွှင့်ထားသော Keelboat SSL 47 Class ရွက်လှေတစ်စင်းက လှိုင်း၊ လေတို့ကို ခုန်ကျော်လွှားကာ ရေပြင်နှင့်တစ်သားတည်း ရွက်လွှင့်နေသည့်မြင်ကွင်း။

၄၇ ပေအရှည်ရှိ ရွက်လှေကြီးပေါ်တွင် နိုင်ငံကိုယ်စားပြု မြန်မာရွက်လှေအားကစားသမားများက Keelboat SSL 47 Class ပြိုင်ပွဲအတွက် နိုင်ငံ့ဂုဏ်ကို ဆောင်ကြဉ်းပေးနိုင်ရေး ထိုင်းပင်လယ်ပြင်၌ ပြိုင်ဘက်နိုင်ငံအသင်းများနှင့်အတူ အစွမ်းကုန်ကြိုးစားလေ့ကျင့်နေကြသည်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်၊ Chonburi နှင့် Songkhla ဒေသများ၌ ကျင်းပမည်ဖြစ်သည်။ ယခုအားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားနည်း ၅၄ မျိုး၌ ရွက်လှေအားကစားနည်းအပါအဝင် မြန်မာနိုင်ငံက အားကစားနည်း ၃၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ရွက်လှေအားကစားနည်း Event ၁၄ မျိုးအနက် ILCA 4 (Boys) နှင့် ILCA 7 (Men)တွင် နှစ်ဦး၊ Optimist (Boys) နှင့် Optimist (Girls) တွင် နှစ်ဦး၊ Keelboat SSL 47 Class တွင် ၁၀ ဦးနှင့် အရန်နှစ်ဦး၊ အုပ်ချုပ်သူ နှစ်ဦးဖြင့် Event ငါးမျိုးအတွက် စုစုပေါင်း ၁၈ ဦးနှင့် နည်းပြသုံးဦးတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွက်လှေပြိုင်ပွဲသည် ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းသောပြိုင်ပွဲတစ်ခုဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ ယခင်ကျင်းပပြီးစီးခဲ့သည့် SEAP/SEA Games ရွက်လှေပြိုင်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှ ထည့်သွင်းကျင်းပခဲ့ခြင်းမရှိခဲ့ဖူးသည့် အားကစားသမား ၁၀ ဦး၊ အရန်နှစ်ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ရသည့် Keelboat SSL 47 Class ကို ထည့်သွင်းကျင်းပခြင်းကြောင့် ဖြစ်ပါသည်။

ပို၍ထူးခြားသည်ကား ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း Chonburi ဒေသရှိ Ocean Marina Resort တွင်ကျင်းပမည့် အဆိုပါ Keelboat SSL47Class ပြိုင်ပွဲတွင်ထိုင်းဘုရင်၏မိဖုရား Suthida Bajrasudhabimalalakshana ကိုယ်တိုင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယခုနှစ် အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် တရားဝင်ကြေညာထားခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထို့ပြင် မိဖုရားကြီးဦးစီးသည့် SSL Team (Thailand) အသင်းကို ထိုင်းနိုင်ငံ တော်ဝင်ရွက်လှေအဖွဲ့သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကာ ၎င်းတို့အနက် အချို့မှာ ယခင်က Dinghy Class အိုလံပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ပြီး ယခုအခါ Keelboat ပြိုင်ပွဲကို ခြေလှမ်းတိုးမြှင့်လာခြင်းပင်ဖြစ်သည်။

အတိတ်သမိုင်းကိုကြည့်လျှင် ၁၉၆၇ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (4th SEAP Games 1967)တွင် တော်ဝင်ရွက်လှေကို ကိုယ်တိုင် ဒီဇိုင်းပြုလုပ်တည်ဆောက်ကာ ထိုင်းဘုရင်မင်းမြတ် Bhumibol Adulyadej ကိုယ်တိုင် ဦးစီးပဲ့ကိုင် ယှဉ်ပြိုင်ခဲ့ပါသည်။ ယင်းပြိုင်ပွဲတွင် ထိုင်းဘုရင်က ရွှေတံဆိပ်ရရှိခဲ့ပြီး ထိုဒီဇင်ဘာလ ၁၆ ရက်နေ့ကိုအစွဲပြု၍ ထိုင်းနိုင်ငံ၏ အမျိုးသားအားကစားနေ့(National Sports Day)အဖြစ် ၁၉၈၆ ခုနှစ်တွင် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ထိုင်းတော်ဝင်မိသားစုအပါအဝင် ထိုင်း လူမျိုးများက ရွက်လှေပြိုင်ပွဲနှင့်ပတ်သက်၍ အထူးအလေးထားကြောင်း သက်သေပြလျက်ရှိပါသည်။

ထိုသို့ ဘုရင်ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် (4th SEAP Games 1967) အားကစားပြိုင်ပွဲကြီးတွင် ရွက်လှေအားကစားနည်းဖြင့် ပထမဆုဆွတ်ခူးခဲ့သော ထိုင်းဘုရင်နှင့်အတူ မြန်မာရွက်လှေအဖွဲ့ချုပ်နှင့် သက်တမ်းရာပြည့်ခဲ့ပြီဖြစ်သော ရန်ကုန်ရွက်လှေအသင်းဝင်များအတွက် ကိုရန်ကင်းက OK Dinghy Class ဆုပေးပွဲ အောင်ပွဲခံစင်မြင့်ထက်တွင် တတိယဆု တက်ရောက်ယူခဲ့စဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံတစ်ပုံကလည်း မြန်မာ့ရွက်လှေအားကစား၏ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် သမိုင်းမှတ်တမ်းတင်ကျန်၍နေပါသည်။

ယခုအခါ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည့် Keelboat SSL 47 အတန်းအစား ရွက်လှေပြိုင်ပွဲတွင် ထိုင်းဘုရင့်မိဖုရားကိုယ်တိုင်ဦးစီးမည့် အိမ်ရှင်နိုင်ငံ ထိုင်းတော်ဝင်ရွက်လှေအသင်းနှင့်အတူ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင် စသည့် ညီနောင်နိုင်ငံအသင်းများနှင့်ယှဉ်ပြိုင်ရမည့် မြန်မာ Keelboat SSL 47 အသင်းသားများ၏ စွမ်းရည်များကို ရင်ခုန်ဖွယ် စောင့်ကြည့်ရမည်ဖြစ်ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်လာသည့် Keelboat SSL 47 ရွက်လှေသည် အပြည်ပြည်ဆိုင်ရာအဆင့် ပြိုင်ပွဲများအတွက် အထူးဒီဇိုင်းထုတ်ထားသည့် ပြိုင်ပွဲဝင်အားကစားသမား ကျား၊ မ ရှစ်ဦးမှ ၁၀ ဦး စီးနင်းလိုက်ပါနိုင်သော ၄၇ ပေရှိ တတိယရွက် Spinnaker ပါသည့် စွမ်းဆောင်ရည်မြင့် ရွက်လှေအမျိုးအစားဖြစ်ပြီး ရွက်တိုင်အမြင့်မှာ ပေ ၇၀ မြင့်သည်။


လှေပေါ်တွင် စီးနင်းမည့်သူများ၏ သတ်မှတ်ကိုယ်အလေးချိန် စုစုပေါင်းသည် 730 kg မကျော်လွန်ရပါ။ ပြိုင်ပွဲဝင်များသည် One Design (ပုံစံတူပြုလုပ်ထားသည့်) ရွက်လှေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ၏ ကိုယ်ကာယစွမ်းရည်၊ ကျွမ်းကျင်မှု၊ အသင်းအဖွဲ့အလိုက် ပူးပေါင်းလုပ်ဆောင်မှု၊ နည်းဗျူဟာချမှတ်နိုင်မှု၊ အချိန်ကိုက်လုပ်ဆောင်နိုင်မှုတို့ကသာ ပွဲစဉ်အနိုင်၊ အရှုံးကို အဆုံးအဖြတ်ပေးမည်ဖြစ်ပါသည်။

သို့အတွက် Keelboat SSL 47 Class တွင် နိုင်ငံတကာမှ ရွက်လှေအားကစားသမားများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်ရမည့် မြန်မာလက်ရွေးစင် ရွက်လှေအားကစားသမားများ၏ အရည်အချင်းကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က Olympic Medalist မှ The Most Famous Sailor in the Country အထိ မြင့်မားစွာ သတ်မှတ်ရွေးချယ်ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။

မြန်မာ့ရွက်လှေအားကစားသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပထမဆုံး လက်ခံကျင်းပခဲ့သော်လည်း ထိုစဉ်က ရွက်လှေအားကစားနည်း ပါဝင်ခြင်းမရှိခဲ့ပါ။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (2nd Southeast Asian Peninsular Games) တွင် အင်းယားကန်၌ ရွက်လှေအားကစားနည်းကို စတင်ထည့်သွင်းကျင်းပခဲ့သည့်အတွက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ မှတ်တမ်းတစ်လျှောက် ရွက်လှေအားကစားနည်းနှင့်ပတ်သက်၍ ပထမဆုံးဦးဆောင်ကျင်းပသည့် နိုင်ငံဖြစ်ပြီး ယင်းပြိုင်ပွဲတွင် မြန်မာက ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့်ယှဉ်ပြိုင်ခဲ့ရာတွင် Half Rater နှင့် Sharpie Class ပြိုင်ပွဲနှစ်မျိုးစလုံး၌ ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သဖြင့် ရွက်လှေအားကစားနည်းနှင့်ပတ်သက်၍ ပထမဆုံး ရွှေတံဆိပ်ဆုရနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။

ထို့ပြင် ၁၉၆၉ ခုနှစ်က ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ လက်ခံကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (5th SEAP Games)တွင် ရွက်လှေပြိုင်ပွဲကို ငပလီကမ်းခြေ၌ ထည့်သွင်းကျင်းပခဲ့ပြီး မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့နှင့် ယှဉ်ပြိုင်ကစားရာတွင်လည်း

စာမျက်နှာ ၇ သို့






၁၉၆၇ ခုနှစ် 4th SEAP Games ရွက်လှေပြိုင်ပွဲဆုပေးပွဲတွင် တတိယဆုရ ကိုရန်ကင်း (မြန်မာ) အား ထိုင်းဘုရင် Bhumibol နှင့်အတူ အောင်ပွဲခံစင်မြင့်ထက်၌ တွေ့ရစဉ်။

❐ စာမျက်နှာ ၆ မှ

OK Dinghy, Fireball, Enterprise နှင့် Half Rater Class ပြိုင်ပွဲဝင်အမျိုးအစား လေးမျိုးစလုံး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့၍ မြန်မာတို့၏ ရွက်လှေအားကစားအဆင့်အတန်းမြင့်မားမှုကို ကမ္ဘည်းတင်နိုင်ခဲ့ပါသည်။

အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ SEAP Games ဟုခေါ်ဆိုရာမှ ၁၉၇၇ ခုနှစ်တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံတို့ အဖွဲ့ဝင်ဖြစ်လာပြီး အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သည့် (၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games)အဖြစ် ပြောင်းလဲသတ်မှတ်ပြီး ကျင်းပခဲ့သည့် မျက်မှောက်ခေတ် ရွက်လှေပြိုင်ပွဲများတွင်လည်း စဉ်ဆက်မပြတ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာရွက်လှေအားကစားက ရွှေတံဆိပ်ဆုများ ရယူနိုင်ခဲ့ပါသည်။

ကျင်းပပြီးစီးခဲ့သည့် အရှေ့တောင်အာရှကျွန်းဆွယ်/ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEAP/SEA Games) (၃၂) ကြိမ်အနက် ရွက်လှေအားကစားကို အကြိမ် ၂၀ ထည့်သွင်းကျင်းပခဲ့ရာတွင် ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပသည့် 32nd SEA Games မှအပ ကျန် ၁၉ ကြိမ်တွင် မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် စင်ကာပူနိုင်ငံ၌ ပြုလုပ်သည့် (17th SEA Games Singapore 1993) နှင့် (28th SEA Games Singapore 2015) တို့တွင် လည်းကောင်း၊ မလေးရှားနိုင်ငံတွင်ပြုလုပ်သည့် (29th SEA Games Malaysia 2017) စသည့်ပြိုင်ပွဲ သုံးကြိမ်တို့မှလွဲ၍ ကျန်ပြိုင်ပွဲ ၁၆ ကြိမ်တွင် နိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ မလွတ်တမ်းရယူနိုင်ခဲ့သည်ချည်းဖြစ်ပါသည်။

ထိုသို့ ၁၆ ကြိမ်တိုင် နိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ရုံမျှမက ၂၀၁၁ ခုနှစ်က မလေးရှားနိုင်ငံ၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ(ငွေဆောင်)တွင် ကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့သည် မြန်မာရွက်လှေအားကစားနည်းအတွက်သာမက မြန်မာ့အားကစားသမိုင်းတွင်ပါ မှတ်ကျောက်တင်ရမည့် ဂုဏ်ယူဖွယ်ရာပြိုင်ပွဲများ ဖြစ်ခဲ့ပါသည်။

အကြောင်းမှာ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၌ မြန်မာရွက်လှေအသင်းက ရွက်လှေအားကစားတွင် ထိပ်တန်းအဆင့်ရှိသည့် ရွှေတံဆိပ်ဆု နှစ်ဆုဆွတ်ခူးရယူထားသည့် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကို ကျော်လွှားကာ ရွှေတံဆိပ်ဆုသုံးဆု (International 420 Boys, International 420 Girls နှင့် Laser II Class)ကို ရယူနိုင်ခဲ့သည့်အတွက် ယှဉ်ပြိုင်ဘက် ကမ္ဘာ့အဆင့် ရွက်လှေအင်အားကြီးနိုင်ငံများ၏ အထင်ကြီးလေးစားမှုကို ရယူနိုင်ခဲ့ပြီး ၎င်းတို့၏ အားကစားဆိုင်ရာ မူဝါဒများကိုပင် ပြောင်းလဲပြင်ဆင်ခဲ့ရသည့် အခြေအနေသို့ ဆိုက်ရောက်စေခဲ့ပါသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တတိယအကြိမ် လက်ခံကျင်းပခွင့်ရခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်တို့တွင် လေးနေရာခွဲ၍ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ ကျင်းပသည့် ရွက်လှေအားကစားနည်းတွင် ရွှေ နှစ်၊ ငွေ တစ်၊ ကြေး နှစ် ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် တရားမျှတဂုဏ်သိက္ခာမြင့်မားစွာ လက်ခံကျင်းပပေးနိုင်မှု၊ မြန်မာလူမျိုးတို့၏ ညှော်ဝတ်ကျေပွန်မှု၊ ရင်းနှီးဖော်ရွေမှုတို့ကို ဖော်ထုတ်ပြသမှုတို့ဖြင့် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ထို့ပြင် ရွက်လှေအားကစားနှင့် ပတ်သက်၍လည်း နိုင်ငံတကာမှ ထင်ရှားသည့်ရွက်လှေအားကစားသမားတာဝန်ရှိသူများ၊ အထင်ကရပုဂ္ဂိုလ်များကပင် ချီးမွမ်းထောမနာပြုခြင်းကို ခံယူခဲ့ရသည်။ ဤအရာသည်ပင် မြန်မာ့ရွက်လှေအားကစားအဆင့်အတန်းမြင့်မားမှုကို ထုတ်ဖော်ပြသနိုင်ခဲ့ပြီး ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ အထင်ကြီးလေးစားမှုနှင့်အတူ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် အပြန်အလှန်ချစ်ခင်လေးစားမှုကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

အထူးသဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်နိုင်ငံဖြစ်သော်လည်း တစ်ဖက်သတ်အခွင့်အရေးမယူဘဲ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်(MYF)၏ ဂန္ထဝင် Rater လှေများကို မဲနှိုက်ရွေးချယ်ယှဉ်ပြိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများက သမာသမတ်ကျနစွာ ဆုံးဖြတ်စေခြင်း၊ ငွေဆောင်၏ သဘာဝကိုထိတွေ့မှုရစေရန် Pre SEA Games ပြိုင်ပွဲကို ရှစ်လခန့် ကြိုတင်မိတ်ဆက်ပေးခြင်း၊ နိုင်ငံတကာရွက်လှေပြိုင်ပွဲများ၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ Host Club (Ngwe Saung Yacht Club) ကို အခက်အခဲများကြားမှ ပြိုင်ပွဲအမီပြီးစီးရန် ငွေကျပ်သန်းပေါင်း ၁၅၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ကျင်းပနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့အတွက် ငွေဆောင်၌ကျင်းပသည့် 27th SEA Games ရွက်လှေပြိုင်ပွဲအပြီး Vice – President of the International Sailing Federation (ISAF), (IOC) Member နှင့် Singapore Sports Council Chairman အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Ng Ser Miang က "Especially with the hosting of the SEA Games , and with the great facilities in place will enable Myanmar to host future regional, continental and even global sailing events" (အထူးသဖြင့် ဆီးဂိမ်းစ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းနှင့်အတူ ကြီးကျယ်ခမ်းနားသောအဆောက်အအုံများဖြင့် မြန်မာနိုင်ငံသည် အနာဂတ်ဒေသတွင်း၊ တိုက်ကြီးနှင့် ကမ္ဘာလုံးဆိုင်ရာ ရွက်လွှင့်ပွဲများကိုပင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မည်ဖြစ်သည်)ဟု မှတ်ချက်ပြုပြောကြားခဲ့ပါသည်။



ပြိုင်ပွဲဝင်မည့် Keelboat SSL 47၊ Optimist နှင့် ILCA လှေအမျိုးအစားများ။

ရွက်လှေအားကစားနှင့်ပတ်သက်လျှင် မြန်မာ့ရွက်လှေအားကစားအဆင့်အတန်းသည် အဖွဲ့ဝင် ၁၁ နိုင်ငံ အနက် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ထိပ်တန်းရောက်နေသည့် ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ဆိုနိုင်ပါသည်။

ယခုကျင်းပမည့် 33rd SEA Games ရွက်လှေပြိုင်ပွဲတွင်လည်း ပထမဆုံးထည့်သွင်းကျင်းပမည့် SSL 47 Class တွင် အိမ်ရှင်ထိုင်းနိုင်ငံက မြန်မာနိုင်ငံကို SEA Games ရွက်လှေအားကစား ဦးဆောင်နိုင်ငံအဖြစ်လည်းကောင်း၊ ၎င်းတို့၏ ဘုရင့်မိဖုရားကြီးကိုယ်တိုင် စီးနင်းယှဉ်ပြိုင်မည်ဖြစ်ခြင်းကြောင့်လည်းကောင်း အထူးတလည် ဦးစားပေးဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ့ရွက်လှေအားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအလယ်တွင် ဝင့်ထည်စေရေးအတွက် ဦးဆောင်တာဝန်ယူသူများက စဉ်ဆက်မပြတ်လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ခဲ့ကြရာ၌ ၁၉၅၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ လှေလှော်ရွက်တိုက်အဖွဲ့ချုပ် (Burma Rowing & Yachting Federation) ကို ၁၉၉၁ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း(ရေ)က ဥက္ကဋ္ဌတာဝန်ယူစဉ် ရွက်လှေနှင့် လှေလှော်အားကစားနည်း နှစ်မျိုးစလုံး အရှိန်အဟုန်ဖြင့် မြှင့်တင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီက မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဟူ၍ သီးခြားစီခွဲကာ ဖွဲ့စည်းပေးခဲ့ပါသည်။

ယခု ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအတွက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က အတန်းအစားအလိုက် ယှဉ်ပြိုင်ကြမည့် မြန်မာရွက်လှေအားကစားသမားများကို ပြိုင်ပွဲအတွက် ချမှတ်ထားသည့် အခြေခံမူစည်းမျဉ်းများအတိုင်း စနစ်တကျရွေးချယ်ခဲ့ပြီး 33rd SEA Games ပြိုင်ပွဲဝင် မြန်မာ့ရွက်လှေအသင်းအနေဖြင့် နှစ်နှစ်ခန့်အချိန်ယူကာ ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။ ၂၀၂၃ ခုနှစ် မတ်လမှစတင်၍ ပြည်တွင်း Ngwe Saung Sea Training လှေကျင့်ယှဉ်ပြိုင်လူရွေးပွဲများ၊ Dinghy Sailing Class များအတွက် ပြည်ပပြိုင်ပွဲ ပူးတွဲလေ့ကျင့်မှုများကို ယခု SEA Games မတိုင်မီကာလအထိ စုစုပေါင်း ၁၅ ကြိမ်စေလွှတ်ခဲ့ပြီး Keelboat လေ့ကျင့်မှုကို သတ်မှတ်ကာလအတိုင်း လေ့ကျင့်ယှဉ်ပြိုင်မှုအပါအဝင် လက်ရှိအချိန်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာလေးသိန်းကျော်ကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌက အကုန်အကျခံ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရပါသည်။

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ အစီအစဉ်တို့ဖြင့် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း ထိုင်းနိုင်ငံရှိ သတ်မှတ်ပင်လယ်ပြင်ဧရိယာတို့၌ ကျင်းပတော့မည့် ရွက်လှေအားကစားနည်းပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ကို ဆောင်နိုင်ရေး ကိုယ်စွမ်းရှိသမျှ ယှဉ်ပြိုင်ကြတော့မည်ဖြစ်ပါသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် အားကစားနည်းမျိုးစုံမှ ပါဝင်ယှဉ်ပြိုင်ကြမည့်သူများက ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပထမဆုံးအကြိမ် ထူးခြားစွာပါဝင်လာသည့် Keelboat ပြိုင်ပွဲအတွက် ထိုင်းပင်လယ်ပြင် လှိုင်းလေများအကြား လေ့ကျင့်လှုပ်ရှားရွက်လွှင့်နေသည့် Myanmar Team(SSL 47) နှင့်အတူ ကျန် Event လေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာရွက်လှေအားကစားသမားများက SEA Games Thailand 2025 တွင် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရုံသာမက ရရှိလာခဲ့သည့်အတွေ့အကြုံကောင်းများကို ဘရာဇီးနိုင်ငံ၌ကျင်းပမည့် (SSL Gold Cup 2026) သို့ ဆက်လက်သယ်ဆောင်သွားနိုင်ပါစေကြောင်းနှင့် မြန်မာ့ရွက်လှေအားကစားက အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်ဆီသို့ ရွက်လွှင့်ချီတက်ခရီးဆက်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။




မြန်မာ Keelboat SSL 47 Class အသင်းသားများ ထိုင်းပင်လယ်ပြင်၌ လေ့ကျင့်ပြင်ဆင်နေကြစဉ်။



Ngwe Saung Yacht Club




# မြန်မာနိုင်ငံမှာ ပိုက်ကျော်ခြင်းအားကစားကို အားပေးမှုများလာတာကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ ရွှေတံဆိပ်ဆုရရှိအောင် အစွမ်းကုန်ကြိုးစားသွားပါ့မယ်လို့ ကတိပြုပါတယ်

ဦးဇော်လင်း(ပိုက်ကျော်ခြင်း အုပ်ချုပ်သူ)


ဦးဇော်လင်း
(ပိုက်ကျော်ခြင်း အုပ်ချုပ်သူ)


ဒေါ်ခင်အေးမူ
(ရိုးရာခြင်းလုံး-အုပ်ချုပ်သူ)


ကိုချမ်းမြေ့ဝင်း
(မြန်မာနိုင်ငံမြင်းစီးအားကစား
အဖွဲ့ချုပ် ဒုတိယတာဝန်ခံ)


ဦးကောင်းဇော်
(ကျွမ်းဘားအဖွဲ့ချုပ် အုပ်ချုပ်သူ)


ဦးဇော်လွင်ထွန်း
(အပြည်ပြည်ဆိုင်ရာ
လှေ(Rowing) အုပ်ချုပ်သူ)

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့်အားကစားသမားများသည် နိုဝင်ဘာ ၃၀ ရက်မှ စတင်၍ အားကစားနည်းအလိုက် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထွက်ခွာလျက်ရှိရာ ဒီဇင်ဘာ ၇ ရက်တွင်လည်း ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ မြင်းစီး၊ ကျွမ်းဘားနှင့် အပြည်ပြည်ဆိုင်ရာ လှေ(Rowing) အဖွဲ့တို့သည် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ပိုင်ဆိုင်ရမည်ဟူသော ခံယူချက်၊ ယုံကြည်ချက်နှင့် ပြင်းပြသောစိတ်ဆန္ဒတို့ဖြင့် လန်းဆန်းတက်ကြွလျက်ရှိသည့် အားကစားအသင်းများမှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

**ဦးဇော်လင်း**
**(ပိုက်ကျော်ခြင်း – အုပ်ချုပ်သူ)**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ကစားသမား အမျိုးသမီး ၁၈ ဦး၊ အမျိုးသား ၁၅ ဦး၊ အုပ်ချုပ်သူ/နည်းပြရှစ်ဦးနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အမျိုးသားအသင်းလိုက်၊ အမျိုးသမီးအသင်းလိုက် သုံးယောက်တွဲ၊ အမျိုးသားနှစ်ဦး အမျိုးသမီးနှစ်ဦး လေးယောက်တွဲနဲ့ Hook Takraw (ကွင်းအတွင်း၊ ခြင်းခတ်သွင်း ယှဉ်ပြိုင်ခြင်း) အားကစားမှာ အမျိုးသား၊ အမျိုးသမီးအတွဲလိုက် ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ဒီဇင်ဘာ ၁၀ ရက် ပြိုင်ပွဲအစမှာ Hook Takraw အားကစားနဲ့စပြီး ယှဉ်ပြိုင်ရမှာပါ။

နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်တွေရရှိဖို့ ၂၀၂၅ ခုနှစ် တစ်နှစ်လုံး နေပြည်တော်နဲ့ ရန်ကုန်မှာ လေ့ကျင့်ခဲ့ပါတယ်။ လေ့ကျင့်မှုအပိုင်း ပြည့်စုံပြီလို့ပြောရမှာပါ။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာလည်း အမျိုးသမီးအသင်းက ဆုရခဲ့ပြီး ဒီနှစ်ဆီးဂိမ်းမှာ လေးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ယှဉ်ပြိုင်မှုမှာ ရွှေတံဆိပ်ဆုကို မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ပိုက်ကျော်ခြင်းအားကစားကို အားပေးမှုများလာတာကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ ရွှေတံဆိပ်ဆုရရှိအောင် အစွမ်းကုန်ကြိုးစားသွားပါ့မယ်လို့ ကတိပြုပါတယ်။ ပြိုင်ပွဲကိုလည်း မြန်မာပြည်သူအပေါင်း အားပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**ဒေါ်ခင်အေးမူ**
**(ရိုးရာခြင်းလုံး-အုပ်ချုပ်သူ)**

ဆီးဂိမ်းပြိုင်ပွဲ အတွက် ဖေဖော်ဝါရီလမှာ အမျိုးသား ၁၂ ဦးနဲ့ အမျိုးသမီး ၁၂ ဦးတို့ကို ရွေးချယ်ခဲ့ပြီး စခန်းသွင်း လေ့ကျင့်ခဲ့ပါတယ်။ နောက်ဆုံးဆန်ခါတင် အမျိုးသားရှစ်ဦးနဲ့ အမျိုးသမီးရှစ်ဦးကို ပြိုင်ပွဲအတွက်ရွေးချယ်ခဲ့ပါတယ်။ အမျိုးသား၊ အမျိုးသမီး Event-3 ပြိုင်ပွဲနှစ်မျိုးမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အဓိကပြိုင်ဘက်က အိမ်ရှင်နိုင်ငံပဲဖြစ်ပါတယ်။ ရိုးရာခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်နေ့မှာ အမျိုးသား၊ အမျိုးသမီးအသင်း စတင်ယှဉ်ပြိုင်ပြီး နောက်ဆုံးပြိုင်ပွဲက ဒီဇင်ဘာ ၁၀ ရက်နေ့ဖြစ်ပါတယ်။ အခုဆီးဂိမ်းပြိုင်ပွဲမှာ နှစ်မျိုးပဲ ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ရွှေတံဆိပ်မှန်းထားပါတယ်။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခုနဲ့ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးထားတာကြောင့် အခုပြိုင်မယ့် မြန်မာ့ရိုးရာအားကစား ခြင်းခတ်ပြိုင်ပွဲကို မြန်မာပြည်သူ ပြည်သားအပေါင်း အဝေးကနေ အားပါးတရ အားပေးကြဖို့လည်း တောင်းဆိုပါတယ်။

**ကိုချမ်းမြေ့ဝင်း (မြန်မာနိုင်ငံမြင်းစီးအားကစား အဖွဲ့ချုပ် ဒုတိယတာဝန်ခံ)**

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ခဲ့တာကြာပါပြီ။ ထိုင်းနိုင်ငံ ပတ္တရားမှာ လေး၊ ငါးကြိမ် သွားရောက်လေ့ကျင့်ခဲ့ပြီး နိုင်ငံတကာအတွေ့အကြုံတွေလည်း ရရှိထားပါတယ်။ ပြိုင်ပွဲမှာ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲက လက်ရွေးစင်တွေလည်း ပါဝင်ပါတယ်။ မြင်းစီးပြိုင်ပွဲမှာ တန်းခုန်လည်းပါမယ်၊ Event Team လည်းပါမယ်။ မြင်းစီးအားကစားဟာ မြင်းနဲ့ လူ နှစ်မျိုးလုံး ယှဉ်ပြိုင်ရတဲ့ပြိုင်ပွဲလည်းဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၃၊ ၁၇ နဲ့ ၁၉ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာပါ။ မြင်းစီးအားကစားဟာ အခြားအားကစားလို မဟုတ်ပဲ ခန့်မှန်းရ ခက်ခဲတတ်ပါတယ်။ ဒါပေမဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ငွေနဲ့ ကြေးဆုတံဆိပ်ရရှိခဲ့ပြီး အခုဆီးဂိမ်းမှာ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားသွားမှာပါ။ မြန်မာနိုင်ငံမှာ ရိုးရာအားကစားနည်းဖြစ်တဲ့ မြင်းစီးအားကစားကို ချစ်မြတ်နိုးတဲ့သူ များပါတယ်။ ကျွန်တော်တို့အသင်းကို ခွန်အားပြည့် အားပေးကြပါလို့ ပြောကြားလိုပါတယ်။

**ဦးကောင်းဇော်**
**(ကျွမ်းဘားအဖွဲ့ချုပ် အုပ်ချုပ်သူ)**

ပြိုင်ပွဲမဝင်မီ တစ်နှစ်တိတိ ပြည်တွင်း/ပြည်ပမှာ လေ့ကျင့်ထားပါတယ်။ ဆီးဂိမ်းမှာ MAG နဲ့ WAG ကျွမ်းဘား အားကစားနည်းမှာ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းမှာ ယှဉ်ပြိုင်ခဲ့မှုမရှိပေမယ့် အခြားပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ပြီး ဆုတွေရရှိခဲ့ပါတယ်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်ကနေ ၁၂ ရက်အထိ အာဆီယံ ခုနစ်နိုင်ငံ ယှဉ်ပြိုင်သွားဖို့ ရှိပါတယ်။ ဒီပြိုင်ပွဲအတွက် အစွမ်းကုန်ကြိုးစားထားပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ အနေနဲ့ မျိုးဆက်သစ် လူငယ်တွေအတွက် ရှေ့ဆောင်လမ်းပြအဖြစ် ဆုတံဆိပ်တွေနဲ့ ပြန်လာခဲ့ပါ့မယ်။

**ဦးဇော်လွင်ထွန်း (အပြည်ပြည်ဆိုင်ရာ လှေ(Rowing)အုပ်ချုပ်သူ)**

ဆီးဂိမ်းပြိုင်ပွဲအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်က ကစားသမားတွေကို တစ်နှစ်ကနေ နှစ်နှစ်ကျော်အထိ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ပြိုင်ပွဲက အားကစားနည်း ခုနစ်မျိုးမှာ အမျိုးသားသုံးဦးနဲ့ အမျိုးသမီးခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ အုပ်ချုပ်သူနဲ့ နည်းပြသုံးဦး ပါပါတယ်။ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတွေက ပြိုင်ပွဲတွေမှာလည်း ကြေးတံဆိပ်တွေ ရရှိခဲ့ဖူးပါတယ်။ ပြိုင်ပွဲမှာ အမျိုးသား တစ်ယောက်လှော်၊ နှစ်ယောက်လှော်နဲ့ အခြားပြိုင်ပွဲတစ်ခု ယှဉ်ပြိုင်မှုနဲ့အတူ အမျိုးသမီး တစ်ယောက်လှော်၊ လေးယောက်လှော်နဲ့ ပြိုင်ပွဲခုနစ်ပွဲကို ယှဉ်ပြိုင်သွားမှာပါ။

ဗီယက်နမ်ပြိုင်ပွဲက စံချိန်ကို နှိုင်းယှဉ်ပြီး ပြင်းပြင်းထန်ထန်လေ့ကျင့်ထားတာကြောင့် အမျိုးသမီး လေးယောက်လှော်ပြိုင်ပွဲမှာ ရွှေရဖို့ မျှော်မှန်းထားပါတယ်။ နိုင်ငံပေါင်း ငါးနိုင်ငံက ပြိုင်ဘက်ကောင်းတွေ ရှိနေတာကြောင့် အစွမ်းကုန် ကြိုးစားသွားမှာပါ။ ပြိုင်ပွဲက ဒီဇင်ဘာ ၁၄ ရက်ကနေ ၁၇ ရက်အထိရှိပြီး ၁၉ ရက်နေ့မှာလည်း တစ်ပွဲရှိပါတယ်။ အခုလိုကြိုပြီးသွားတာက အဲဒီနိုင်ငံရဲ့ ရေနဲ့လေကို အသားကျအောင် လေ့ကျင့်ချိန်ရတဲ့အတွက် ပြိုင်ပွဲမှာ အားသာချက်တွေ ရရှိနိုင်လို့ပါ။ မြန်မာနိုင်ငံက ပြည်သူတွေအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ အပြည်ပြည်ဆိုင်ရာ လှေအားကစားသမားများ စိတ်ဓာတ်တက်ကြွစေတဲ့ အားပေးစကားတွေကို စောင့်မျှော်နေပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ နိုင်ငံရဲ့ဂုဏ်ကိုမြှင့်တင်စွမ်းဆောင်စေတဲ့ ရွှေတံဆိပ်ဆုတွေနဲ့ ပြန်လာခဲ့ပါမယ်။

**တွေ့ဆုံမေးမြန်း-သစ္စာ(MNA)**
**ဓာတ်ပုံ - ဖွဲ့မာန်**

■

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

ရက် ၂၀

သာ လိုတော့သည်။



## ပေါင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်ပြီးစီး

ပေါင် ဒီဇင်ဘာ ၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးမဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများအလိုက် တစ်အိမ်တက်ဆင်း မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဌာနဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့တို့က ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ကွင်းဆင်းဆောင်ရွက်ပေးမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။

ပေါင်မြို့နယ်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုအလိုက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)



## ရမည်းသင်းမြို့နယ်၌ "ဒို့အတူတူမဲပေးကြမယ်" ကြော်ငြာဘုတ် စိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ရမည်းသင်း ဒီဇင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် အထက(၁)ရှေ့၌ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဒို့အတူတူမဲပေးကြမယ်"ကြော်ငြာဘုတ် စိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၅ ရက် နံနက် ၇ နာရီက လူစည်ကားရာနေရာများဖြစ်သော အထက(၁)ရှေ့၊ နာရီစင်ရှေ့နှင့် ဈေးအတွင်းတို့တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့်အဖွဲ့များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက လက်ကမ်းစာစောင် ၂၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်မာနိုင်ငံသား ဥပဒေရေးရာအကြောင်း အသိပညာပေးရှင်းလင်းခြင်းနှင့် မဲပေးပိုင်ခွင့်အခွင့်အရေး ပြည့်ဝစွာရရှိစေရေး တွေ့ဆုံပွဲ အခမ်းအနားကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာနိုင်ငံသား ဥပဒေရေးရာအကြောင်းအသိပညာပေးရှင်းလင်းခြင်းနှင့် မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ Sunshine Hotel ၌ ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အစ္စလာမ်ဘာသာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဟိန္ဒူဘာသာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က အဖွင့်နှုတ်ဆက်စကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေရေးရာအကြောင်း အသိပညာပေးခြင်းနှင့် မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာဝင် အသင်းအဖွဲ့ခေါင်းဆောင်များက တာဝန်ယူ၍ အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြားများ ကိုင်ဆောင်သူများနှင့် မည်သည့်ကတ်ပြားမှ ကိုင်ဆောင်ခြင်းမရှိသူများအား စုဖွဲ့ရှင်းလင်းခြင်း၊ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးကိုင်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ စုဖွဲ့ပြီးပါက ပြည်နယ်ဦးစီးမှူးနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး လုပ်ငန်းစတင်မည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## လွိုင်လင်မြို့၌ မဲစာရင်းမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေး

လွိုင်လင် ဒီဇင်ဘာ ၇

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုသည့်အပြင် မိမိတို့မဲစာရင်းများပါ၊ မပါသိရှိနိုင်ရန် လွိုင်လင်မြို့နယ် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းကွင်းဆင်း၍ မဲစာရင်းများတိုက်ဆိုင်စစ်ဆေးလျက်ရှိသည်။

ထိုသို့ တိုက်ဆိုင်စစ်ဆေးမှုဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းတွင်ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်းပါဝင်သည့် အမည်စာရင်း မှန်၊ မမှန်စိစစ်၍ မဲစာရင်း၌မိမိအမည်စာရင်း မပါဝင်ပါက ပုံစံ(၃) ဖြင့်လည်းကောင်း ၊ မဲစာရင်းတွင်အမည်စာရင်းမပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ပေးကြသည်။ ထိုသို့ဆောင်ရွက်နေမှုကို လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုအားပေးခဲ့သည်။



ခရိုင်(ပြန်/ဆက်)

## စစ်တွေမြို့နယ်၌ မဲစာရင်းမှန်ကန်ရေးတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်

စစ်တွေ ဒီဇင်ဘာ ၇

စစ်တွေမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်း၊တပ်ဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်၊ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များက မြေပြင်ကွင်းဆင်း၍ စာရင်းကောက်ယူခဲ့ကြသည်။



စစ်တွေမြို့နယ်အတွင်း ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်စာရင်းအား နိုဝင်ဘာ ၂၁ ရက်မှစ၍ ဒုတိယအကြိမ် မဲစာရင်းကြေညာခြင်း၊ မဲဆန္ဒရှင်များ မဲစာရင်းလာရောက်ကြည့်ရှုရန် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း လှည့်လည်ဆော်သြခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ ပါဝင်သော မြေပြင်ကွင်းဆင်းရေးအဖွဲ့ (၄၃) ဖွဲ့မှ ရပ်ကွက်၊ ကျေးရွာများအတွင်း Door to Door စနစ်ဖြင့် မဲဆန္ဒရှင်များ မဲစာရင်းကြည့်ရှုနိုင်ရေး၊ မဲစာရင်းလျှောက်ထားခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ၃၀ မဂ္ဂါဝပ် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**မော်လမြိုင် ဒီဇင်ဘာ ၇**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလွီကျေးရွာနှင့် ဒရယ်ကျေးရွာ အကြားတွင် ၃၀ မဂ္ဂါဝပ် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာသို့ရောက်ရှိကြရာ ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒရယ်ကျေးရွာ မင်္ဂလာသုခကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရေးအတွက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်အတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်ကာ ဒေသခံပြည်သူများအတွက် အဖိုးမဖြတ်နိုင်သည့် လူမှု၊ စီးပွားဘဝများ များစွာဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းဖြင့် ဒေသအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ရေးကိစ္စရပ်များ၊ စက်မှု၊ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ကမ်းနားလမ်း ညဈေးတန်းတွင် ကမ်းနားလမ်းမြစ်ဘက်ခြမ်း၌ လူများအပန်းဖြေနားနေရန်နေရာ ဖော်ထုတ်မည့်မြေနေရာတွင် စက်ယန္တရားများဖြင့် မြေတူးဖော်နေမှု၊ ဘိုးပိုင်ရိုက်သွင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တာချီလိတ်ခရိုင်၌ ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ မြှင့်တင်ဆောင်ရွက်ရေး ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် အတွင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ကျောင်းအုပ်ဆရာ ဆရာမများက ပညာရေးဆိုင်ရာ ကဏ္ဍနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကျောင်းတွင်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ ကျိုင်းတုံပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာ တိုးမောင်က ကာကွယ်ရေး၊ ကုသရေး၊ အသိပညာပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



**ညှိနှိုင်းဆောင်ရွက်**

ထိုမှတစ်ဆင့် အထက-ခွဲ (မယ်ဟုတ်)၊ တာလေမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျိုင်းလပ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်၍ ဌာနဆိုင်ရာ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



# ဘားအံမြို့၌ ကျောင်းတွင်းအာဟာရကျွေးမွေး

**ဘားအံ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် KG ကျောင်းသား ကျောင်းသူများအား ပဉ္စမအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဒီဇင်ဘာ ၃ ရက်က ဘားအံမြို့နယ်အတွင်းရှိ ကျောင်းများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မိုးအေး၊ ပညာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျောင်းကျန်းမာရေးကော်မတီအဖွဲ့ဝင်များက KG ကျောင်းသား ကျောင်းသူများအတွက် အာဟာရချက်ပြုတ်နေမှုနှင့် အာဟာရကျွေးမွေးခြင်းတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန် ပထမနှစ်ဝက်သင်တန်းသားများ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ပညာသင်ကြားလျက်ရှိ

**စဉ့်ကိုင် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန် ပထမနှစ်ဝက် သင်တန်းသားများကို နိုဝင်ဘာ ၂၄ ရက်မှစတင်၍ ဖွင့်လှစ် သင်ကြားလျက်ရာ ယနေ့အထိ အေးချမ်းပျော်ရွှင်စွာ ဆက်လက် ပညာသင်ကြားလျက်ရှိသည်။



အဆိုပါ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက် သင်တန်းသား ကျောင်းသား ကျောင်းသူ ၁၃၄၀ အား ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းတင့် နှင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဌာနမှူးများ၊ နည်းပြ/သရုပ်ပြ ဆရာ ဆရာမများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး ပထမနှစ်အတွက် သင်ကြားရမည့် ဘာသာရပ် သင်ခန်းစာများကို ဆက်လက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦး၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျော်သက်ထားဝင်းနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက လှိုင်သာယာ အမှတ် ၁၉ ရပ်ကွက်အတွင်း ဖွင့်လှစ်ထားသည့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး မူကြိုကျောင်းအား လှည့်လည်ကြည့်ရှုစဉ်။

မင်းထက်ပိုင်(လှိုင်သာယာ)

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်စွန့်လှူခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်းအသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်း စစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအသင်း၊ ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။


ဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်း စစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ဝမ်းနည်းခြင်း အထိမ်းအမှတ် နှစ်မိနစ် ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန်ရာဘုံဘဝ ရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံးစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်







ဒီဇင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲတွင် အလှူရှင် အထက(၁)ဒဂုံ၊ အထက(၂)စမ်းချောင်း နာယကကြီး အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ စိုးသိန်း – အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း တို့က ပြိုင်ပွဲအတွက်လှူဒါန်းသော ငွေကျပ် သိန်း ၃၀၀ ကို အထက(၁)ဒဂုံ ကျောင်းအုပ်ကြီး ဒေါက်တာ စန္ဒာမြငြိမ်း၊ အထက(၂) စမ်းချောင်း ကျောင်းအုပ်ကြီး ဒေါက်တာ အေးစုမွန်ဝင်းတို့က ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်ထံ ပေးအပ်လှူဒါန်းကြစဉ်။ သတင်းစဉ်

❐ **တောင်ကြီးမှ**

တောင်ကြီး–ပေါ်မူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲခန့် ကြာမြင့်၍ လမ်းခရီးတွင် ဘဝသံသရာအဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးကာ ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေး၍ ပေါ်မူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာကာ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး တောင်ကြီး–ပေါ်မူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

**ကြည့်ရှုခံစားနိုင်**

တောင်ကြီး–ပေါ်မူ ခရီးစဉ်ကို တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာတံတားအား ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီသိမ်ဘူတာသို့ ရထားဆိုက်ရောက် ရပ်နားချိန်အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားအား အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများ စသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ကြောင့် စိတ်လက်အေးချမ်းပျော်ရွှင်မှုကိုရရှိစေနိုင်ပြီး ခရီးသည်များအနေဖြင့် အထူးကြိုက်နှစ်သက်ကြကြောင်း သိရသည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး–ပေါ်မူ အသွား/အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ(Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



(၁၂၁)နှစ်မြောက် သမဝါယမဦးစီးဌာနနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက ဒီဇင်ဘာ ၆ ရက်တွင် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)ရောဂါဗေဒဌာန သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြရာ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

# ပုသိမ်မြို့နယ်၌ လမ်း၊ တံတား လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်သော ရွှေမြင်တင်ကျောင်းလမ်း ကတ္တရာခင်းခြင်း(၀/၅.၅မိုင် x ၁၂ ပေ x ၉ လက်မ) လုပ်ငန်းအား ဒီဇင်ဘာ ၅ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက ကွင်းဆင်းစစ်ဆေးခဲ့ရာ ပုသိမ်မြို့နယ် ဦးစီးအရာရှိ (မြို့ပြ) စဟိန်းလင်းဇော်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မေချို



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၄)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၄)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားစာတိုက်(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဦးပညိန္ဒနှင့်အဖွဲ့ဝင် ပညာရှင်ကြီးများ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက မြန်မာ-အင်္ဂလိပ်-ရခိုင် မှုမှန်ပြက္ခဒိန်များရေးဆွဲရာတွင် ဝါကြီးထပ်၊ ဝါငယ်ထပ်စသည်ဖြင့် ဝါထပ်၊ ရက်ငင်ကိစ္စရပ်များကို အထူးအလေးထားပြီး ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ မြန်မာပြက္ခဒိန်သည် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူကြသည့် ရဟန်း၊ သံဃာတော်များအတွက် ဝိနည်းတော်နှင့်အညီ ဝါဆို၊ ဝါကပ်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် အရေးပါသော သတ်မှတ်ချက်တစ်ခုလည်းဖြစ်ပါကြောင်း၊ မြန်မာ-အင်္ဂလိပ်-ရခိုင် မှုမှန်ပြက္ခဒိန်ရေးဆွဲရေးနှင့် မဟာသင်္ကြန်စာရေးသားပြုစုရေးတို့ကိုလည်း ပညာရှင်ကြီးများအနေဖြင့် နှစ်စဉ်ဆောင်ရွက်နေကျအတိုင်း ဝိုင်းဝန်းကြိုးပမ်းပြုစုရေးဆွဲနိုင်ရန်အတွက်လည်း ပန်ကြားလိုပါကြောင်း တင်ပြပြောကြားထားသည်။




ဆက်လက်၍ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဦးပညိန္ဒက အဖွင့်ဩဝါဒစကား မိန့်ကြားတော်မူသည်။ ထို့နောက် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက (၇၄)ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့်စပ်လျဉ်း၍ ပြောကြားထားရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခြင်း၊ ဥက္ကဋ္ဌဆရာတော်က လိုအပ်သည်များကို ပြန်လည်မိန့်ကြားခြင်းများကို ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက နိဂုံးချုပ်အမှာစကားပြောကြားထား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေဖူလုံစွာရရှိစေရေးအတွက် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်လျာထားသည့် ဆိုလာစနစ်ရေတင်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ဆည်ရိုးမြေအောက်တမံနှင့် စလေချောင်း မြေအောက်တမံများကို ကြည့်ရှုစစ်ဆေးကြသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဒေသတွင်းပတ်ဝန်းကျင်ရှိ မူလတူးဖော်ပြီး ရေတွင်းများ၏ မြေအောက်ရေမြင့်တက်လာမှု အခြေအနေကို လအလိုက် စောင့်ကြည့်တိုင်းတာပြီး မှတ်တမ်းထားရှိရန်၊ ချောင်းအတွင်း ရေစီးဆင်းမှုအခြေအနေကို မှတ်တမ်းတင်ထားရှိရန်၊ မြေအောက်ရေ မြင့်တက်လာမှုနှင့်အတူ ဒေသတွင်းပတ်ဝန်းကျင် မြေအောက်ရေပျံ့နှံ့မှုစသည့် အကျိုးရှိဖြစ်ထွန်းမှုအခြေအနေများကို လေ့လာသုံးသပ်ပြန်လည်တင်ပြရန် ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးမြို့ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ညွှန်ကြားရေးမှူး)ရုံး အစည်းအဝေးခန်းမ၌ မကွေး၊ ရေနံချောင်း၊ ချောက်လမ်းတစ်လျှောက်ရှိ စိုက်ပျိုးနိုင်ခြင်းမရှိသော ယာပျက်များကို လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးရန်၊ ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်ကုန်းနေရာများတွင် သစ်ပင်များစိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ချောက်ခရိုင်အတွင်း ဧရာဝတီမြစ်မှ ရေကိုစုပ်တင်၍ ဆိုလာစနစ်မြစ်ရေတင်စီမံကိန်းနှင့် စက်ရေတွင်း တူးဖော်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။

ဆွေးနွေးစဉ် တာဝန်ရှိသူများက တင်ပြမှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယာမြေမှ လယ်မြေအဖြစ် ပြောင်းလဲဆောင်ရွက်ပြီး စပါးစိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် ၎င်းဧရိယာများတွင် ရေရရှိရေးနည်းလမ်းပေါင်းစုံဖြင့် စိုက်ပျိုးရေရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဆောင်ရွက်ဆဲ စီမံကိန်းများကို သတ်မှတ်ဒီဇိုင်းပုံစံများအတိုင်း စနစ်တကျ မြန်မြန်တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် တစ်သီးစိုက်ပျိုးရာမှ သုံးသီး၊ သီးထပ် သီးညှပ်စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် သီးနှံစိုက်ဧကအား မြင့်မားလာစေမည်ဖြစ်ပြီး ဒေသခံတောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းများကိုလည်း တောင်သူများအတွက် အကျိုးရှိမည့်နေရာများ စိုက်ပျိုးရေ အမှန်တကယ်လိုအပ်သည့်နေရာများ ရွေးချယ်ဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြောင်းမြမြို့နယ်၌ ကျေးလက်လမ်းတံတားများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြောင်းမြ ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဆင-မဒေ့ါပင်လမ်းနှင့် ပဆင-သိလ္လာချောင်းဖျားလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန( ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ခရိုင်နှင့်မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့က ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း စီမံခန့်ခွဲရေးကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အထွေထွေအတွင်းရေးမှူး ဦးလှိုင်မျိုးက တင်ပြပြီး ပြင်ပစာရင်းစစ် ငွေအဥ္စလီ Audit Firm မှ ဒေါ်ဝါဝါလှိုင်က စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကာ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို အတည်ပြုကြသည်။

ယင်းနောက် ၂၀၂၃-၂၀၂၅ အလုပ်အမှုဆောင်သက်တမ်းမှ စီမံခန့်ခွဲရေးကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ကော်မတီဝင်များ သက်တမ်းပြည့်၍ နုတ်ထွက်ကြောင်းကြေညာပြီး ၂၀၂၅-၂၀၂၈ အလုပ်အမှုဆောင်သစ်များကို ဖတ်ကြားအတည်ပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌအသစ် ဦးမောင်မောင်ဇော်က ကျေးဇူးတင်စကားနှင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်က စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၆၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၃၂၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဝေါမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၆၃၂၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

### အရေးယူဆောင်ရွက်

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် မင်းလှမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဘီးလင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck လေးစီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀) ကိုလည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ လျှပ်စစ်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၈၃၈၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၁၃၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၈၁၄၃၂၀) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



# ပဲခူးမြို့နယ်၌ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ပဲခူး ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ – ၂၀၂၅ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုလီမိတက် ရုံးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းကြည်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်က အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပရခြင်းနှင့် တိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပဲခူးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးပိုင်စိုးအောင်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ လုပ်ငန်းအစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြပြီး သဘာပတိက အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကို ရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# မိုးနဲမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

မိုးနဲ ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၅)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

### ပေးအပ်

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လည်းကောင်း၊ စစ်ရေးပြထူးချွန်ဆုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုးက လည်းကောင်း၊ မီးသတ်ပညာထူးချွန်ဆုကို မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်ကိုကိုသက်က လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တာမွေနှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၇

တာမွေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာမွေမြို့နယ် တာမွေကြီး (က/ဂ) ရပ်ကွက် ကျိုက္ကဆံလမ်းမကြီးနှင့် (၁၅၅) လမ်းထောင့်တွင် လမ်းလျှောက်လာသူ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်နေ မချစ်ချစ်ဇော် (ခ) ဇေဇေ (၃၄ နှစ်) အား စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (ဒေသတန်ဖိုး ငွေကျပ် သိန်း ၁၀၀) ကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စု တာခွယ် ကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ဟွေပုံကျေးရွာနေ ကျထော (၃၆ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (ဒေသတန်ဖိုးငွေကျပ် ၅၆ သိန်း) ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ ချစ်ချစ်ဇော်(ခ)ဇေဇေအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# လပွတ္တာမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ မီးဘေးလုံခြုံရေးစစ်ဆေး

လပွတ္တာ ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဆောင်ရွက်

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့် ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များက ခရိုင်နှင့် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးလုံခြုံမှုရှိစေရန်အတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်ရရှိရေး ဆောင်ရွက်သွားရန်၊ မီးချိတ်၊ မီးကပ်များ၊ မီးသတ်ဆေးဘူးများနှင့် အရေးပေါ်မီးသတ်ပိုက် စနစ်တကျတပ်ဆင်ထားမှုများ၊ လျှပ်စစ်မီးကြိုးများ၊ ဝါယာကြိုးများ စနစ်တကျအသုံးပြုစေရေး၊ မီးသတ်ဘောလုံးများတပ်ဆင်ထားရှိမှုနှင့် Ground Tank များ စနစ်တကျထားရှိမှုများကို ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃) နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု

### ၃၃၃ လုံး ဖြိုချဖျက်ဆီး

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံနှစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ စစ်ဆေးခဲ့သည့် အဆောက်အအုံ ၆၉၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးချမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများရှိ ဖမ်းဆီးထိန်းသိမ်းထားရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကို တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့က စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးစဉ်။









KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်က မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပစဉ်။

ရဲဇော်ဟိန်း(ပြန်/ဆက်)



မကွေးမြို့နယ်၌ ဒီဇင်ဘာ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း KTV လုပ်ငန်းများအား မီးဘေးလုံခြုံရေးအတွက် တပ်ဆင်ထားသော မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများကို စစ်ဆေးစဉ်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# သံဖြူဇရပ်၌ ကွန်ပျူတာစာစီစာရိုက် လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေး

**သံဖြူဇရပ် ဒီဇင်ဘာ ၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကွန်ပျူတာစာစီစာရိုက် ဆိုင်ပိုင်ရှင်များအား တွေ့ဆုံပြီး လုပ်ငန်းများ ချပြရှင်းလင်းခြင်းကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကွန်ပျူတာစာစီစာရိုက်လုပ်ငန်းရှင်များအနေဖြင့် တရားဥပဒေနှင့်အညီ စာစီစာရိုက်လုပ်ငန်းများကိုသာ လုပ်ဆောင်ကြစေရေး၊ တရားမဝင်စာများကို ရိုက်နှိပ်ခြင်းများ မပြုလုပ်ကြစေရေးနှင့် ဥပဒေဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးပြောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှိဘတ်စတာကော်ဖီနှင့် ဝဥ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ



ပဲခူး ဒီဇင်ဘာ ၇

ရှိဘတ်စတာကော်ဖီနှင့် ပြည်ပပို့ကုန်အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရော်ဘာစိုက်ပျိုးသူ လုပ်ငန်းရှင်များ၊ သစ်မာစိုက်ခင်း လုပ်ငန်းရှင်များ၊ နှစ်ရှည်သီးနှံစိုက်ခင်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံအသိပညာပေးပွဲကို ဒီဇင်ဘာ ၅ ရက်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး၏ ရေမြေရာသီဥတုအခြေအနေနှင့်ကိုက်ညီသည့် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင် ခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ရှိဘတ်စတာ(မြေနိမ့်)ကော်ဖီ ၁၁၂၄ ဧက စိုက်ပျိုးထားပြီးဖြစ်ကာ နှစ်စဉ်ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ရှိဘတ်စတာ(မြေနိမ့်) ကော်ဖီစိုက်ပျိုးရန် သီးခြားမြေနေရာ ရှာဖွေရန် မလိုအပ်ဘဲ ရှိပြီးသား ရော်ဘာ၊ သစ်မာစိုက်ခင်းနှင့် နှစ်ရှည်ပင် စိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံအသိပညာပေးရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ ရော်ဘာစိုက်ဧက ၁၁၀၀၀၀ ကျော်ရှိပြီး ရှိဘတ်စတာ(မြေနိမ့်)ကော်ဖီနှင့် ဝဥသီးနှံတို့အား သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် ဝင်ငွေပိုမို တိုးတက်ရရှိလာနိုင်မည်ဖြစ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရှိဘတ်စတာ(မြေနိမ့်) ကော်ဖီစိုက်ပျိုးနိုင်ရေး ပျိုးပင်များကို အခမဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုင်းသန်းအောင်က ရှိဘတ်စတာ(မြေနိမ့်) ကော်ဖီဈေးကွက်အခွင့်အလမ်းနှင့် တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲမှ ကော်ဖီပညာရှင် ဦးစောဝင်းနောင်က ကော်ဖီပျိုးထောင်စိုက်ပျိုးနည်းစနစ်များကို လည်းကောင်း၊ ရှိဘတ်စတာ (မြေနိမ့်) ကော်ဖီဝယ်ယူကြိတ်ခွဲတင်ပို့ ရောင်းချမှုနှင့်ပတ်သက်၍ ရှိဘတ်စတာ(မြေနိမ့်) ကော်ဖီစိုက်ပျိုးရေး လုပ်ငန်းရှင် ဦးရာဇာရှင်းသန့်နှင့် ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ ဝဥစိုက်ပျိုးရေး လုပ်ငန်းရှင် ဦးလှသိန်းတို့က ရှင်းလင်းဆွေးနွေး ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့်ကော်ဖီနှင့်ဝဥထုတ်ကုန်များကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြဝန်ဆောင်မှုနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



မြဝတီ ဒီဇင်ဘာ ၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြဝန်ဆောင်မှုနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြ သ/မ လီမိတက်ရုံး၌ ကျင်းပရာ မြဝန်ဆောင်မှုနှင့် အထွေထွေ စီးပွားရေး လုပ်ငန်း သမဝါယမအသင်း ဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် (၂) ဦးစိန်သောင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာအောင်မြက ဝန်ဆောင်မှုနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကိုလည်းကောင်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကိုလည်းကောင်း မြဝန်ဆောင်မှုနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း အမှုဆောင်ဒါရိုက်တာ၊ အတွင်းရေးမှူးနှင့် အသင်းသား စာရင်းစစ်တို့က ဖတ်ကြားတင်သွင်းခဲ့ပြီး ဒါရိုက်တာအဖွဲ့မှ တင်သွင်းသည့် အရပ်ရပ်ဆိုင်ရာ အစီရင်ခံစာပါ (၃)ရပ်အား အသင်းသားများ၏ အတည်ပြုချက်ကို ရယူခဲ့သည်။

ထို့နောက် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် မြဝန်ဆောင်မှုနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းဝင်များ၏ သား သမီးများအား အသင်းဥက္ကဋ္ဌ ဦးစိန်သောင်းက ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ဘဏ္ဍာနှစ်၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



# ဟသ်ာတမြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဟသ်ာတ ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဟသ်ာတမြို့နယ်အတွင်း ဘုရားကုန်း - လိပ်ချောင်း - ကြက်တူရွေးလမ်း ကျောက်ချောခင်းခြင်းနှင့် ရုံးတောစု-ဆင်မသေ-ဆင်မသေ(မ)-နင်းဂျမ်းဦးလမ်း ကွန်ကရစ်ခင်းခြင်းများကို ဒီဇင်ဘာ ၆ ရက်က သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဟသ်ာတမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကျောက်ချောလမ်းခင်းခြင်းနှင့် Myanmar Land & Development Co.,Ltd မှတာဝန်ယူဆောင်ရွက်သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ဟသ်ာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


# လှည်းကူးမြို့နယ် ကြို့ကုန်းကျေးရွာ၌ သားအိမ်ခေါင်းရောဂါ ကာကွယ်ဆေး ထိုးနှံပေး



လှည်းကူး ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြို့ကုန်းကျေးရွာတွင် မြန်မာနိုင်ငံ၌ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကြောင့် အမျိုးသမီးဦးရေသေဆုံးမှုမြင့်မားလျက်ရှိနေမှုမှ ကာကွယ်နိုင်ရန် ပြည်သူလူထုအခြေပြုသားအိမ်ခေါင်းရောဂါကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းက ကြို့ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ကျေးရွာအတွင်းရှိအမျိုးသမီးများအား ကာကွယ်ဆေး ထိုးနှံပေးသည်။

အဆိုပါ ပြည်သူလူထုအခြေပြုသားအိမ်ခေါင်းရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို လှည်းကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသန်းဇော်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ချမ်းဖန်း-ဟတ်စဒင်း- အော်ကြီးကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၅ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ရုပ်ပါမြင့် (ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

ရေတာရှည် ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံမျိုးသန့်ခြံ(ဘိုးတော်ကုန်း)တွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် တောင်ငူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြေအသုံးချရေးတာဝန်ခံက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စိုက်ပျိုးမြေမြှုပ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တောင်ငူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သော အထိရောက်ဆုံးလေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။



၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်ဘောလုံးကွင်း၌ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို စစ်တွေတပ်နယ် အားကစားကွင်း၌လည်ကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌လည်းကောင်း ကျင်းပကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ ဒီဇင်ဘာအားကစားလ ပထမအကြိမ် စုပေါင်းလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက်တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်မြို့ လသာမြို့နယ်တွင် ဒီဇင်ဘာအားကစားလ (ပထမပတ်) လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက်တွင် ကျင်းပရာ ကျောက်တံတားခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တပျော်တပါးစုပေါင်းလမ်းလျှောက်ကြစဉ်။

နေလင်း(ပြန်/ဆက်)

တောင်ငူမြို့လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၅၈၂ ဦးခန့်သည် ဒီဇင်ဘာ ၆ ရက်တွင် မိုင်ဒါကွင်း လွတ်လပ်ရေးကျောက်တိုင်စုရပ်မှစတင်၍ ရန်ကုန်-မန္တလေးလမ်းအတိုင်း မင်းကြီးညိုရုပ်တုသို့ အေးချမ်းပျော်ရွှင်စွာ စုပေါင်းလမ်းလျှောက်စဉ်။ ဇော်ကိုကို(တောင်ငူ)



မင်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ဦးဆောင်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ မြို့နယ်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုပေါင်းလမ်းလျှောက်ကြစဉ်။ ကိုကိုမင်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးတွင် မီးလောင်မှု/မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဟိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ရုံးမှဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန်နှင့် သန္နွေတပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများပူးပေါင်း၍ စစ်ဆေးဆောင်ရွက်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# မလေးရှားနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့ကို ရေကြီးမှုဖြစ်စေခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း "SENYAR" ၏ လမ်းကြောင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့် ရူပဗေဒအကြောင်းရင်းများ

ဒေါက်တာကျော်
(မိုးလေဝသကျောင်း)

မလက္ကာရေလက်ကြားနှင့် မလေးရှားကျွန်းဆွယ် အနီးတစ်ဝိုက်တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း "SENYAR" ၏ ရွေ့လျားမှုပုံစံကို ၁၉၄၉–၂၀၂၅ ခုနှစ်အတွင်း မြောက်လတ္တီတွဒ် ၀–၁၀° အကြား အနောက်မှအရှေ့သို့ ရွေ့လျားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းများ၏ သမိုင်းဆိုင်ရာအချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာခဲ့ပါသည်။ ဤဒေသတွင် အနောက်မှအရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများသည် အလွန်ရှားပါးပြီး ၁၉၄၉–၂၀၂၅ အတွင်းဖြစ်ပေါ်ခဲ့သော မုန်တိုင်းစုစုပေါင်း၏ ၁ ဒသမ ၉ ရာခိုင်နှုန်းသာရှိရာ ဆိုင်ကလုန်းမုန်တိုင်း "SENYAR" သည် ထူးခြားသော မုန်တိုင်းတစ်ခုအဖြစ် သတ်မှတ်နိုင်ပေသည်။

### အနောက်မှအရှေ့သို့ ရွေ့လျားသော မုန်တိုင်း

ဆိုင်ကလုန်းမုန်တိုင်းများသည် ယေဘုယျအားဖြင့် အရှေ့မှ အနောက်သို့ ရွေ့လျားလေ့ရှိသော်လည်း တစ်ခါတစ်ရံတွင် အနောက်မှ အရှေ့သို့ ရွေ့လျားသော မုန်တိုင်းများလည်း ရှိတတ်ပါသည်။ ဤဆောင်းပါးသည် ၀–၁၀° လတ္တီတွဒ်အတွင်း (အထူးသဖြင့် မလေးရှားနှင့် အနီးတစ်ဝိုက်)တွင် အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများ၏ ဂုဏ်သတ္တိများကို လေ့လာထားပြီး "SENYAR" ဆိုင်ကလုန်းမုန်တိုင်း၏ လမ်းကြောင်း၊ သက်ရောက်မှုများနှင့် ယင်းကဲ့သို့ ရွေ့လျားရခြင်း၏ ရူပဗေဒအကြောင်းရင်းများကို နှိုင်းယှဉ်သုံးသပ်ပြထားပါသည်။

### ဆိုင်ကလုန်း "SENYAR" ၏ အခြေအနေ အတိုချုပ်


ဆိုင်ကလုန်း "SENYAR" (04B) သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ ဝန်းကျင်ခန့်တွင် စတင်ဖြစ်ပေါ်ခဲ့ပြီး အားကောင်းသော မုန်တိုင်းငယ် 95B မှ ကြီးထွားအားကောင်းလာခြင်းဖြစ်ပါသည်။

**ဖြစ်ပေါ်ရာနေရာ။** ၎င်း၏မူလစတင်ရာနေရာမှာ မြောက်လတ္တီတွဒ် ၃ ဒသမ ၆° နှင့် အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၉° ဝန်းကျင် (မလေးရှားရေလက်ကြားနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း) တွင် ဖြစ်သည်။ ဆိုင်ကလုန်း "SENYAR" သည် တောင်အာရှ မြောက်ကမ္ဘာခြမ်း၌ အီကွေတာနှင့် အနီးဆုံးတွင် ဖြစ်ပေါ်သောမုန်တိုင်းအဖြစ် မှတ်တမ်းဝင်သော ဆိုင်ကလုန်းများထဲမှ တစ်ခုဖြစ်လာသည်။ အကြောင်းမှာ ၂၀၀၁ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Vamei ပြီးနောက် မလေးရှား မလက္ကာရေလက်ကြားတွင် ဒုတိယမြောက်ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းဖြစ်သောကြောင့် ဖြစ်ပါသည်။

**လမ်းကြောင်း။** မုန်တိုင်းသည် မူလအစတွင် အရှေ့ဘက်သို့ ရွေ့လျားပြီး အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၏ အနောက်မြောက်ကမ်းရိုးတန်းသို့ လာရောက်တိုက်ခတ်ခဲ့သည်။ ထို့နောက် မလေးရှားရေလက်ကြားဘက်သို့ ပြန်လည်ရွေ့လျားပြီး "Deep Depression" အဆင့်သို့ ကျဆင်းသွားခဲ့ပါသည်။

**သက်ရောက်မှုများ။** "SENYAR" ဆိုင်ကလုန်းသည် ပြင်းထန်သော မိုးရွာသွန်းမှု၊ အားကောင်းသော လေပြင်းများ၊ ရေကြီးမှုများနှင့် မြေပြိုမှုများကို ဖြစ်ပေါ်စေခဲ့သည်။ အင်ဒိုနီးရှား (ဆူမတြားနှင့် အာချေးဒေသ)၊ မလေးရှား(ကွာလာလမ်ပူအပါအဝင် အနောက်နှင့် အလယ်ပိုင်းဒေသများ)နှင့် ထိုင်းနိုင်ငံတို့တွင် လူအများအပြား သေဆုံးခြင်းနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းများ ရှိခဲ့သည်။

### ဆိုင်ကလုန်း "SENYAR" နှင့် သမိုင်းအချက်အလက်ဒေတာများ နှိုင်းယှဉ်ချက်




- ❖ **ယေဘုယျအားဖြင့် ဆိုင်ကလုန်းများသည် အီကွေတာမြောက်ဘက်တွင် များသောအားဖြင့် အရှေ့လေစီးကြောင်း(Easterlies)နှင့် အနောက်လေစီးကြောင်း (Westerlies) ကြားရှိ လှိုင်းထကြွမှုများ (Rossby Waves)၏ သက်ရောက်မှုကြောင့် အရှေ့မှအနောက်သို့ (များသောအားဖြင့် အနောက်မြောက်သို့) ရွေ့လျားလေ့ရှိ**
- ❖ **မလေးရှားကျွန်းဆွယ်၊ ဆူမတြားကျွန်းတို့၏ မြေမျက်နှာသွင်ပြင်(တောင်တန်းများ)သည် လေစီးကြောင်းများကို ကွေးညွတ်စေပြီး မုန်တိုင်းလမ်းကြောင်းကို အနည်းငယ်ပြောင်းလဲစေနိုင်သည်။ “SENYAR” သည် ဆူမတြားကျွန်းသို့ ကမ်းတက်ပြီးနောက် မလေးရှားရေလက်ကြားဘက်သို့ ပြန်လှည့်ခဲ့ခြင်းသည် ဤမြေပြင်အနေအထား၏ သက်ရောက်မှုကို ဖော်ပြ**

မုန်တိုင်းများ၏ သမိုင်းဆိုင်ရာ ဒေတာအချက်အလက်များအရ မြောက်လတ္တီတွဒ် ၀–၁၀° ဒေတာတွင် အနောက်မှအရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများ၏ ပျမ်းမျှဖြစ်ပေါ်ရာနေရာမှာ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၉° နှင့် မြောက်လတ္တီတွဒ် ၆ ဒသမ ၄° ဖြစ်ပြီး မလေးရှားကျွန်းဆွယ်၏ အနောက်ဘက်ပင်လယ်ပြင်နှင့် နီးကပ်သည်။ "SENYAR" ဆိုင်ကလုန်းမုန်တိုင်း၏ မူလအနေအထား (အရှေ့လောင်ဂျီတွဒ် ၉၉.၉° နှင့် မြောက်လတ္တီတွဒ် ၃.၆°) သည် ဤပျမ်းမျှနေရာနှင့် လတ္တီတွဒ်အားဖြင့် အနည်းငယ်ပို၍ တောင်ဘက်သို့ရောက်ရှိနေပြီး သမိုင်းတွင်ရှားပါးသည့် အနိမ့်ပိုင်း အီကွေတာအနီးလတ္တီတွဒ်တွင် ဖြစ်ပေါ်မှုနှင့် ကိုက်ညီသည်။ ယင်း၏ အရှေ့ဘက်သို့ ရွေ့လျားမှုသည်လည်း သမိုင်းမှတ်တမ်းများအရ ပျမ်းမျှတွက်ချက်ထားသော အနောက်မှ အရှေ့သို့ရွေ့လျားသော ဆိုင်ကလုန်းများ၏ လမ်းကြောင်းနှင့် ဆင်တူသည်။

သမိုင်းဆိုင်ရာ အချက်အလက်များအရ အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများသည် ဆောင်းရာသီ (ဒီဇင်ဘာ–ဖေဖော်ဝါရီ)တွင် ၅၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဆောင်းဦးရာသီ (စက်တင်ဘာ–နိုဝင်ဘာ) တွင် ၄၂ ဒသမ ၉ ရာခိုင်နှုန်းခန့် ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရသည်။ "SENYAR" ဆိုင်ကလုန်းမုန်တိုင်းသည် နိုဝင်ဘာလတွင် ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဤရာသီအလိုက် ဖြစ်ပေါ်မှုပုံစံနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရသည်။

သမိုင်းဆိုင်ရာ အချက်အလက်များအရ အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများသည် "Deep Depression" (၃၄ – ၄၇ knots) အဆင့်တွင် ၅၇ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိပါသည်။ "SENYAR" ဆိုင်ကလုန်းသည် လမ်းကြောင်းတစ်လျှောက် "Deep Depression" အဆင့်သို့ ကျဆင်းသွားခဲ့သော်လည်း မလေးရှားဒေသအတွက် မှတ်တမ်းတင်ထားသော အပြင်းထန်ဆုံးမုန်တိုင်းတစ်ခုအဖြစ် သတင်းများက ဖော်ပြခဲ့သည်။ ဤအချက်သည် ဆိုင်ကလုန်း၏အဆင့်သာမက ၎င်း၏ ဖြတ်သန်းရာဒေသ (မြို့ပြကျေးရွာများ စုစည်းရာနေရာ)နှင့် ယူဆောင်လာသော မိုးရွာသွန်းမှုပမာဏသည်လည်း ပျက်စီးဆုံးရှုံးမှုကို ဆုံးဖြတ်ကြောင်း ညွှန်ပြနေသည်။

**အနောက်မှအရှေ့သို့ ရွေ့လျားရခြင်း၏ ရူပဗေဒအကြောင်းရင်းများ**

ယေဘုယျအားဖြင့် ဆိုင်ကလုန်းများသည် အီကွေတာမြောက်ဘက်တွင် များသောအားဖြင့် **အရှေ့လေစီးကြောင်း (Easterlies)**နှင့် **အနောက်လေစီးကြောင်း (Westerlies)** ကြားရှိ **လှိုင်းထကြွမှုများ (Rossby Waves)**၏ သက်ရောက်မှုကြောင့် အရှေ့မှ အနောက်သို့ (များသောအားဖြင့် အနောက်မြောက်သို့) ရွေ့လျားလေ့ရှိပေသည်။ သို့ရာတွင် "SENYAR" ကဲ့သို့သော ဆိုင်ကလုန်းများ အနောက်မှအရှေ့သို့ ရွေ့လျားရခြင်းမှာ အောက်ပါအချက်များကြောင့် ဖြစ်နိုင်သည်–

၁။ **အားနည်းသော လေပိုင်းဆိုင်ရာ ဦးတည်ချက်(Weak Steering Flow)**။ အီကွေတာအနီးရှိ ကိုရီးယိုးလစ်ခေါ် မြေလည်လေတိမ်းအားများ (Coriolis Force)အားနည်းပြီး လေထုအထက်ပိုင်းရှိ မုန်တိုင်းအားရွေ့လျားစေမည့် အထက်လေစီးကြောင်းများ (Upper–level winds)များ အားနည်းနေသောအခါ ဆိုင်ကလုန်းအား ဦးတည်ရွေ့လျားစေသည့်အားသည် အားနည်းနေတတ်သည်။ ဤသို့ဖြင့် မုန်တိုင်းသည် ပတ်ဝန်းကျင်ရှိ လေဖိအားစနစ်များ (ဥပမာ – အနီးအနားရှိ မြေပြင်လေဖိအားမြင့်ရပ်ဝန်း သို့မဟုတ် လေဖိအားနည်းရပ်ဝန်းများ)၏ ဆွဲငင်မှုကို ပိုမိုခံရပြီး ပုံမှန်မဟုတ်သော လမ်းကြောင်းသို့ ရွေ့လျားတတ်သည်။

၂။ **အနီးအနားရှိ လေဖိအားစနစ်များ၏ သက်ရောက်မှု (Influence of Nearby Pressure Systems)**။ အနီးအနားရှိ လေဖိအားများ/အားနည်းရပ်ဝန်းများ၏ တည်နေရာသည် မုန်တိုင်းကို အရှေ့ဘက်သို့ တွန်းပို့နိုင်သည်။ ဥပမာအားဖြင့် “SENYAR” ဖြစ်ပေါ်ချိန်တွင် မုန်တိုင်း၏ မြောက်ဘက်တွင် လေဖိအားများရပ်ဝန်း (တိဗက်ပေါ်ရှိ လေဖိအားများရပ်ဝန်း)တစ်ခု အားကောင်းလျက်ရှိနေပေသည်။ မုန်တိုင်းသည် ထိုစနစ်၏ တောင်ဘက်အစွန်းရှိ အရှေ့မှအနောက်သို့ ရွေ့လျားနေသော လေစီးကြောင်းအတိုင်း လိုက်ပါရွေ့လျားခြင်းဖြစ်နိုင်သည်။

၃။ **မုန်တိုင်း၏အတွင်းပိုင်း စွမ်းအင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ (Internal Storm Dynamics and Structure)**။ ဆိုင်ကလုန်းမုန်တိုင်းတစ်ခု၏ ရွေ့လျားမှုသည် ယင်း၏ ကိုယ်ပိုင်လည်ပတ်မှု အင်အားစုများ (Vorticity)နှင့် အပူဗဟိုချက် (Warm Core)တို့၏ ပြန်လည်ဖြန့်ဖြူးမှုအပေါ်လည်း မူတည်သည်။ အီကွေတာအနီးတွင် ဤဖြစ်စဉ်များသည် ပုံမှန်မဟုတ်သော ရွေ့လျားမှုကိုဖြစ်ပေါ်စေနိုင်သည်။

စာမျက်နှာ ၁၉ သို့ ✪

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း (၁၆-၁၁-၂၀၂၅ ရက်နေ့မှ ၃၀-၁၁-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="4">ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>–</td><td>–</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

❂ စာမျက်နှာ ၁၈ မှ

၄။ **မြေပြင်အနေအထား (Topography)**။ မလေးရှားကျွန်းဆွယ်၊ ဆူမတြားကျွန်းတို့၏ မြေမျက်နှာသွင်ပြင် (တောင်တန်းများ) သည် လေစီးကြောင်းများကို ကွေးညွှတ်စေပြီး မုန်တိုင်းလမ်းကြောင်းကို အနည်းငယ်ပြောင်းလဲစေနိုင်သည်။ “SENYAR” သည် ဆူမတြားကျွန်းသို့ ကမ်းတက်ပြီးနောက် မလေးရှားရေလက်ကြားဘက်သို့ ပြန်လှည့်ခဲ့ခြင်းသည် ဤမြေပြင်အနေအထား၏ သက်ရောက်မှုကို ဖော်ပြနေသည်။

**ဆိုင်ကလုန်းမုန်တိုင်း၏ လမ်းကြောင်းနှင့် ပြင်းအားကို နာရီအလိုက် စောင့်ကြည့်သုံးသပ်ရန် လိုအပ်**

"SENYAR" ဆိုင်ကလုန်းမုန်တိုင်းသည် မလေးရှားနှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်လာသော ရှားပါးသည့် အနောက်မှအရှေ့သို့ ရွေ့လျားသောဆိုင်ကလုန်းတစ်ခုဖြစ်သည်။ ယင်း၏ ပုံမှန်မဟုတ်သော လမ်းကြောင်းသည် အားနည်းသော ဦးတည်လေစီးကြောင်းများ၊ အနီးအနားရှိ လေဖိအားစနစ်များ၏ သက်ရောက်မှုနှင့် မြေပြင်အနေအထားတို့ကြောင့် ဖြစ်နိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ ဤကဲ့သို့သော ရှားပါးသည့်မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြေရှိသည်ဟု ယူဆရပါသည်။

ထို့ကြောင့် ဒေသခံများအနေဖြင့် မုန်တိုင်းသတိပေးချက်များကို ဂရုတစိုက်နားထောင်ပြီး လိုအပ်သော ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် အရေးကြီးပါသည်။ ဆိုင်ကလုန်းမုန်တိုင်း၏ လမ်းကြောင်းနှင့် ပြင်းအားကို နာရီအလိုက် စောင့်ကြည့်သုံးသပ်ရန် လိုအပ်သည်။ ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များနှင့်အတူ အီကွေတာအနီးဒေသများတွင်လည်း ဆိုင်ကလုန်းစောင့်ကြည့်ရေးစနစ်များ ပိုမိုအားကောင်းလာစေရန် လိုအပ်နေကြောင်း တင်ပြအပ်ပါသည်။

**ဒေတာအရင်းအမြစ်–**

International Best Track Archive for Climate Stewardship (IBTrACS) project. (2023). ibtracs.ACTIVE.list.v04r01.csv [Data set]. NOAA National Centers for Environmental Information. https://www.ncei.noaa.gov/products/international-best-track-archive

**ဒေတာအသုံးပြုမှု ကိုးကားချက်–**

Knapp, K. R., Kruk, M. C., Levinson, D.H., Diamond, H. J., & Neumann, C. J.(2010). The International Best Track Archive for Climate Stewardship(IBTrACS). Bulletin of the American Meteorological Society, 91(3), 363–376. https://doi.org/10.1175/2009 BAMS2755.1

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်သို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်









နေပြည်တော် ဒီဇင်ဘာ ၇

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဘိုကလေးမြို့နယ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၀၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၃ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၀၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၊ မျက်စိရောဂါ ၁၁၇ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ခါတ်မှန်ရိုက်လူနာ ၁၇ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါ ရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

ကျွန်မနာမည် အိအိထွန်းပါ။ ကျွန်မက ဘိုကလေးမြို့ (၅)ရပ်ကွက်ကနေ လာပြတာပါ။ သားဖွားမီးယပ် လာပြတာပါ။ ဆရာဝန်တွေက အစစအရာရာ အကုန်လုံး အဆင်ပြေအောင် လုပ်ပေးပါတယ်။ အခုလို မြစ်တွင်းမှာ ရွှေပုဇွန်ရေယာဉ်ကနေ အခုလို လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ဒေသခံတွေအနေနဲ့ အင်မတန်ကျေးဇူးတင်မိပါတယ်။ အခုလိုမျိုး လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ ရန်ကုန်တွေ မသွားရဘဲနဲ့ ဒီမှာတင် အခမဲ့လာရောက်ကုသပေးတဲ့အတွက် ဆရာတို့ပါရဂူအဖွဲ့ကိုလည်း ကျေးဇူးတင်မိပါတယ်။ မြို့သူမြို့သားတွေ ကိုယ်စား ကျွန်မတို့က လှိုက်လှိုက်လှဲလှဲကို ဆရာတို့ကို ကြိုဆိုပါတယ် အခွင့်အခါသင့်ရင် ဒီလိုပဲ လာရောက်ပြီးတော့ ဆေးကုသမှုတွေ အခမဲ့လုပ်ပေးပါဦးလို့ ပြောချင်ပါတယ်။

ကျွန်မနာမည် ကတော့ မရတနာမျိုး ဖြစ်ပါတယ်။ ကျွန်မက ဒီမှာမျက်လုံးနဲ့ပတ်သက်ပြီးတော့ ခေါင်းလည်းနည်းနည်း ကိုက်တယ်၊ မျက်ရိုးတွေလည်း ကိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီမှာ လာပြီးပြတဲ့အခါမှာ ပါဝါပြန်ပြီးတော့ စစ်မယ်။ ပြီးရင် မျက်စိအတွက် ဆေးတစ်ပတ်သောက်ရမယ်၊ သောက်ပြီးရင်ပါဝါပြန်စစ်တဲ့အခါမှာတော့ ပြန်ပြီးတော့ ကောင်းမွန်လာနိုင်တယ်။ အာရုံကြောအားနည်းတဲ့ပုံစံမျိုး ဖြစ်တယ်။ ပြီးရင်မျက်လုံးကတော့ ကောင်းတယ်၊ ပါဝါလေးပြန်စစ်လိုက်ရင် အဆင်ပြေသွားမယ် ဆိုပြီးတော့ပြောပါတယ်။ အခုလိုမျိုးလာပြီး လှည့်လည်ပြီးတော့ အခမဲ့ လာရောက်ကုသပေးတဲ့အတွက် ကျေးလက်နေပြည်သူတွေအနေနဲ့ကျတော့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာအခွင့်အလမ်းတွေ အများကြီးရရှိနိုင်ပါတယ်။ ကလေးအထူးကုဆရာဝန်ပါတယ်၊ ခွဲစိတ်အထူးကုဆရာဝန်ပါတယ်၊ အရိုးအကြောနဲ့ပတ်သက်တာ၊ မျက်လုံး၊ အထွေထွေ၊ နောက်ပြီးတော့ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီးတော့ သားဖွားနဲ့မီးယပ်ဆရာဝန်တွေ အများကြီးလာတဲ့အတွက်ကြောင့်မို့လို့လည်း ဒေသခံတွေအနေနဲ့ကျတော့ သူတို့ရဲ့ကျန်းမာရေးကို ဆေးရုံဆေးခန်းတွေကို တကူးတကသွားရောက်စရာမလိုဘဲနဲ့ ဒီတစ်နေရာတည်းမှာ ကဏ္ဍပေါင်းစုံကို ကုသနိုင်တဲ့အတွက်ကြောင့်မို့လို့ သူတို့အတွက်လည်း အထောက်အကူတွေ အများကြီးဖြစ်ပါတယ်။ အခုလိုမျိုး လာရောက်ကုသပေးတဲ့ ဒီနယ်လှည့် ဆေးကုသရေးအဖွဲ့ (ရွှေပုဇွန်)နဲ့ ဆရာကြီးတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ ဘိုကလေးမြို့လေးကိုလာပြီးတော့ ဒီလိုမျိုးကုသပေးတဲ့အတွက် ကြောင့်မို့လို့ ဒီကျေးလက်နေ ပြည်သူတွေရဲ့ ကျန်းမာရေး အခွင့်အလမ်းတွေ အများကြီးရရှိအောင် ပြုလုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ရှင်။

**သတင်းစဉ်**

## ဝါးခယ်မမြို့နယ်၌ ဆီထွက်သီးနှံ (မြေပဲ)စိုက်တောင်သူများအား သွင်းအားစုများ ဖြန့်ဖြူးပေးအပ်

ဝါးခယ်မ ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာအုပ်စုရှိ ဆီထွက်သီးနှံ (မြေပဲ) စိုက်ပျိုးထုတ်လုပ်သော သမဝါယမအသင်းများမှ အသင်းသားတောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဖြူးပေးအပ်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက သဲကုန်းကျေးရွာ၌ ပြုလုပ်သည်။



ဦးစွာ သမဝါယမဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းက အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ပေါင်းစည်းဝေဆာ စိုက်/ထွေသမဝါယမအသင်းမှ အသင်းသားတောင်သူများအား စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် စိုက်ပျိုးရေးသွင်းအားစုများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ထို့နောက်သဲကုန်းကျေးရွာမှအသင်းသားတောင်သူဦးအေးသိန်း၏ လယ်မြေသုံးဧကတွင် ဆီထွက်သီးနှံ (မြေပဲ) ထွန်ယက် စိုက်ပျိုးနေမှုအား တိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အသင်းသား တောင်သူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံသားတိုင်းအခွင့်အရေးပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစတေကာကပ်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၅ ရက်က မြို့ပေါ်ရပ်ကွက်များ၊ လူစည်ကားရာနေရာများနှင့် YBS ကားဂိတ်၊ ယာဉ်ကားလိုင်းများတွင် ဆောင်ရွက်ခဲ့စဉ်။ သက်လွင်စိုး(ပြန်/ဆက်)

## ဓနုဖြူမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဓနုဖြူ ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၆ ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့ကြသည်။



ဓနုဖြူမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းထွဋ်လွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ထားရှိမှုများအား ဈေးရုံအတွင်းလှည့်လည်စစ်ဆေးကြည့်ရှုကာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနောင်နောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ပြခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံအား ရှင်းလင်းပြောကြားခြင်း၊ ဆီ မီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



စက်မှုလယ်ယာဦးစီးဌာန အမှတ်( ၁၂)စက်မှုလယ်ယာစခန်း ညောင်လေးပင်မြို့မှပြုလုပ်သော သီးနှံမျိုးစုံမျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၄ ရက်က ညောင်လေးပင်မြို့နယ် ၄က်ပျောတောကျေးရွာအုပ်စုရှိ တောင်သူ ဦးမျိုးသိန်း၏ လယ်ယာမြေ၌ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးစဉ်။ နေလင်း(ညောင်လေးပင်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၇

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါတပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက်ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့်ချောင်းဝကျေးရွာ၊ ကျုံကူးကျေးရွာ၊ အနီးဝန်းကျင်ကျေးရွာများ၊ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃၁ ဦး၊ ခွဲစိတ်ရောဂါ ၆၉၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၃၀၊ ကလေးရောဂါ ၃၈၃ ဦး၊ အရိုးရောဂါ ၁၀၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၀၊ မျက်စိရောဂါ ၁၂၉၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၄၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၆၈၃၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၈၈ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၁၆၀၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၆၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင် ငါးဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူသုံးဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၇၀၄၈၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့်ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၂၇ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။


သတင်းစဉ်




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန် အတွက် ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အဖေ့ဆီကအိပ်မက်များ




နေပြည်တော် ဒီဇင်ဘာ ၇

စာရေးဆရာ ရွှေအိုလတ် ဘာသာပြန်ဆိုရေးသားထားသည့် အဖေ့ဆီကအိပ်မက်များ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

အဆိုပါစာအုပ်သည် အမေရိကန်ပြည်ထောင်စု၏ပထမဆုံးလူမည်းသမ္မတ ဘားရက်ဟူစိန် အိုဘားမား၏ သမ္မတအဖြစ် တက်လှမ်းခဲ့ရာ လှေကားထစ်၏ အစပိုင်း ဟားဗက် ဥပဒေရေးရာကျောင်း မတက်ရောက်ရသေးမီ ဘဝအစိတ်အပိုင်းများကို သူကိုယ်တိုင်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ယင်းစာအုပ်တွင် လူမည်းတို့၏ ဓာတ်ပြားဟောင်းကြီးကို အမေရိကန် စနစ်အတွင်းမှာပင် သူ့အမြင်၊ သူ့အတွေး၊ သူ့ခေတ်၌ အပ်ကြောင်းမထပ် စေချင်တော့သည့် အမည်းအဖြူ ငါးဆယ်ရာခိုင်နှုန်းစီ ဗီဇသွေးရှိသော အမေရိကန်လူငယ်တစ်ဦး၏ ရုပ်ပုံလွှာကို ပြက်ပြက်ထင်ထင်မြင်ရမည်။ ၂၀ ရာစု၏ ကမ္ဘာ့မြေပုံပေါ်က ဟာဝိုင်အီ၊ အင်ဒိုနီးရှား၊ နယူးယောက်၊ ချီကာဂိုနှင့် ကင်ညာတို့၏ မိရိုးဖလာထုံးတမ်းများ၊ ကိုလိုနီစနစ်အောက်ဝယ် ပျက်ယွင်းသွားသောဟန်ချက်များ၊ ရောနှောသွားသောဓလေ့များ၊ ရယူလိုမှုအတွက် ပေးဆပ်ခဲ့ရသည်များကို ရသစုံစွာဖတ်ရှု ကြရမည်ဖြစ်သည်။

အိုဘားမားတစ်ယောက် မျိုးရိုးဗီဇမြစ်ကို ခြေရာကောက်ရင်း ဤစာအုပ်၌ပေးသွားသော ဒီမိုကရေစီမူဘောင်အတွင်းမှ စည်းရုံးရေးဆိုင်ရာလုပ်နည်းလုပ်ဟန်များ၊ အကျအတက်များ၊ အတွန်းအတိုက်များ၊ အတိုးအဖော့များ၊ အတင်အချများကို ဖတ်ရှုကြရပါမည်။ လူမှုအဖွဲ့အစည်း၊ ပရဟိတ၊ လူထုအသိုင်းအဝိုင်းနှင့်ချိတ်ဆက်လျက် အသက်မွေးဝမ်းကျောင်းပြုလိုသူ၊ အင်န်ဂျီအို ပရော်ဖက်ရှင်နယ်များ၊ စည်းရုံးရေးသမား၊ နိုင်ငံရေးစိတ်ဝင်စားသူ၊ မည်သည့် စာဖတ်ပရိသတ်အတွက်မဆို တစ်စုံတစ်ရာမက အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ အဆိုပါစာအုပ်ကို Myanmar Heritage Publications အမှတ် (၁၈၅ - ၁၉၅)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၀၉၉၅၁၁၄၄မှ ဖြန့်ချိထားသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထပ်မြင့်အဆောက်အအုံများတွင် မီးဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဓာတ်တိုက်လေ့ကျင့်

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း အထပ်မြင့်အဆောက်အအုံများ၌ မီးလောင်မှုဖြစ်ပွားပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီအလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ Time City Complex တို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ သဏ္ဌာန်တူဖြစ်စဉ်ဖွင့် ဓာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၅ ရက်က Time City အတွင်း၌ဆောင်ရွက်သည်။




အဆိုပါ ဓာတ်တိုက်လေ့ကျင့်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၂၁၀၊ ပိုလန်နိုင်ငံထုတ်အထပ်မြင့်အဆောက်အအုံများ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ခေတ်မီအဆင့်မြင့်ယာဉ်များ မီးသတ်ရေသယ်ယာဉ် ခြောက်စီး၊ Ambulance ယာဉ် သုံးစီးတို့ကိုအသုံးပြုပြီး မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ Fireman Lift အသုံးပြုဝင်ရောက်ခြင်းနှင့် အတူ 48 Meter Hydraulic Platform Vehicle အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်မှုအတွင်း ပိတ်မိနေသူများအား ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ LUF 60 နှင့် LUF NANO တို့ကို အသုံးပြု၍ မီးလောင်မှုအား တိုက်ရိုက်ငြိမ်းသတ်ခြင်း၊ အပူရှိန်လျှော့ချခြင်းများကို သဏ္ဌာန်တူဖြစ်စဉ်ဖွင့် ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဟိုပုံးမြို့သို့ ကွင်းဆင်းဆောင်ရွက်



တောင်ကြီး ဒီဇင်ဘာ ၇

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၆ ရက်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပုလဲတင့်ကျေးရွာရှိ ရွှေပုလဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း အသင်းသားများမှ ဆောင်ရွက်လျက်ရှိသည့် စီပီကြက်မွေးမြူရေးလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဟိုပုံးမြို့နယ်ရှိ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

# (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ကိုးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းအနေဖြင့် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ၊ လေးယောက်တွဲပြိုင်ပွဲ၊ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ အမျိုးသားပွဲစဉ်၊ အမျိုးသမီးပွဲစဉ်၊ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပေ။ အုပ်စုခွဲဝေထားမှုအရ မြန်မာပိုက်ကျော်ခြင်းအသင်းယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများအနက် သုံးယောက်တွဲအသင်းလိုက် အမျိုးသားပြိုင်ပွဲ အုပ်စု (A) တွင် မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အုပ်စု (B) တွင် ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ထိုင်း၊ အမျိုးသမီးပြိုင်ပွဲ အုပ်စု (A) တွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ အုပ်စု (B) တွင် မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲ အုပ်စု (A) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ တီမော၊ ထိုင်း၊ အုပ်စု(B)တွင် ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်း၊ ဗီယက်နမ်၊ အမျိုးသမီးပြိုင်ပွဲ အုပ်စု(A)တွင် ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ထိုင်း၊ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ အုပ်စု(A)တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ အုပ်စု (B) တွင် ဗီယက်နမ်၊ မလေးရှား၊ လာအို၊ မြန်မာ၊ ကွင်းသွင်းခြင်းခတ် အမျိုးသားပြိုင်ပွဲတွင် ထိုင်း၊ ဘရူနိုင်း၊ တီမော၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အမျိုးသမီးပြိုင်ပွဲတွင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ လာအိုနှင့် မြန်မာအသင်းတို့ ပါဝင်ကြသည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အုပ်ချုပ်သူ-ဦးဇော်လင်း၊ ဦးထွန်းခိုင်နွယ်၊ နည်းပြ-ဦးအောင်ချိုမြင့်၊ ဦးကျော်မင်းစိုး၊ ဦးအောင်မျိုးသွင်၊ ဦးသိန်းဇော်မင်း၊ ဦးအောင်မျိုးဆွေ၊ ဒေါ်မာမာဝင်း၊ အားကစားသမားများအဖြစ် အမျိုးသား -ဇင်မင်းဦး၊ သန့်ဇင်ထွန်း၊ ထူးအောင်ကျော်၊ ကျော်မင်းသူ၊ အောင်အောင်၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်၊ နိုဝင်ဘာကိုကို၊ ရန်ပိုင်ဦး၊ မင်းသန့်သူ၊ အောင်မျိုးကျော်၊ ရဲထက်၊ သန်းဇော်ဦး၊ အောင်ဇော်၊ စိုးပိုင်ဦး၊ အောင်လှိုင်မိုး၊ ကျော်ဇေယျာဝင်း၊ အောင်မျိုးနိုင်၊ အမျိုးသမီး-ကြူကြူသင်း၊ နွယ်နွယ်ထွေး၊ ဆုတင်ဇာနိုင်၊ ဖြူဖြူသန်း၊ ခင်နှင်းဝေ၊ နေခြည်နွေး၊ သီရိအောင်၊ နမ့်မေသူထွေး၊ လိုင်ရှိအဲင်း၊ ယမုံဇင်၊ ချယ်ရီလင်းသစ်၊ ယဉ်ယဉ်ဌေး၊ ဖူးဖူး၊ ဆုမွန်ကျော်နှင့် နှင်းနှင်းဝေတို့ ပါဝင်ကြသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ကိုညီလေး**

# အင်တာမိုင်ယာမီအသင်း မေဂျာလိဂ်ဖလား ပထမဆုံးအကြိမ် ဆွတ်ခူး

အင်တာမိုင်ယာမီ အသင်းနဲ့ ဗန်ကူးဗားဝှိုက်ကပ်စ်အသင်းတို့ ဒီဇင်ဘာ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၅ခုနှစ် မေဂျာလိဂ်ဖလား ဗိုလ်လုပွဲမှာ အင်တာမိုင်ယာမီအသင်းက သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရပြီး မေဂျာလိဂ်ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အင်တာမိုင်ယာမီအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၈ မိနစ်မှာ ဗန်ကူးဗားဝှိုက်ကပ်စ် ကစားသမား အိုကမ်ပိုက ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုး၊ ၇၁ မိနစ်မှာ ဒီပေါလ်ရဲ့သွင်းဂိုး၊ မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ၆ မိနစ်မှာ အယ်လန်ဒီတို့က သွင်းယူပေးခဲ့ပြီး ဗန်ကူးဗားဝှိုက်ကပ်စ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ မှာ အာမက်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။



အင်တာမိုင်ယာမီအသင်းအနေနဲ့ မေဂျာလိဂ်ပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်မှာ စတင်ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး ငါးနှစ်အကြာဖြစ်တဲ့ ၂၀၂၅ ခုနှစ်မှာ မေဂျာလိဂ်ဖလားကို စတင်ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အင်တာမိုင်ယာမီအသင်းဟာ ၂၀၂၃ ခုနှစ် နွေရာသီက တိုက်စစ်မှူး မက်ဆီရောက်ရှိလာခဲ့ပြီး နောက်ပိုင်းဆုဖလားအများအပြား ဆွတ်ခူးခဲ့ပါတယ်။

အင်တာမိုင်ယာမီအသင်းဟာ ၂၀၂၃ ခုနှစ်က Leagues Cup၊ ၂၀၂၄ ခုနှစ်က Supporters' Shieldနဲ့ ယခုနှစ်မှာ Eastern Conference ဖလားနဲ့ မေဂျာလိဂ်ဖလားတွေကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**



# ပန်တိုဂျာကို အနိုင်ယူပြီး မြန်မာဖိုက်တာ ဂျိုရှူအာဗန် UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာ

**ရန်ကုန် ဒီဇင်ဘာ ၇**

UFC 323 ပြိုင်ပွဲကို မြန်မာစံတော်ချိန် ဒီဇင်ဘာ ၇ ရက်နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ကျင်းပရာ မြန်မာဖိုက်တာ ဂျိုရှူအာဗန်သည် လက်ရှိချန်ပီယံ ဘရာဇီးနိုင်ငံသား ပန်တိုဂျာကို အနိုင်ယူပြီး ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာသည်။

UFC နှင့် လက်တွဲအပြီး နှစ်အနည်းငယ်အကြာမှာပင် ကမ္ဘာ့ချန်ပီယံခါးပတ် စိန်ခေါ်ခွင့်ရခဲ့သည့် ဂျိုရှူအာဗန်သည် ပထမအချီ တစ်မိနစ်မပြည့်မီမှာပင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံဖြစ်သည့် ပန်တိုဂျာသည် ချန်ပီယံခါးပတ်ကာကွယ်နိုင်ရန် ပွဲအစကတည်းက အတင်းလိုက်ဖိထိုးပြီး ဂျိုရှူအာဗန်ကို အမြင့်ခြေကန်ချက်ဖြင့် တိုက်ခိုက်ရာ ပြန်အကျတွင် လက်ထိခိုက်မိပြီး ဆက်မထိုးနိုင်သဖြင့် ဒိုင်ပွဲရပ်ဖြင့် ဂျိုရှူအာဗန် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုရှူအာဗန်သည် ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာပြီးနောက် ကမ္ဘာ့အကျော်ကြားဆုံး တိုက်ခိုက်ရေးအဖွဲ့အစည်းဖြစ်သည့် UFC ၏ ပထမဆုံး အာရှအမျိုးသားနှင့် မြန်မာကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ဂျိုရှူအာဗန်သည် UFC ၏ ဒုတိယအသက်အငယ်ဆုံး ကမ္ဘာ့ချန်ပီယံ၊ ဖလိုင်းဝိတ်တန်း အသက်အငယ်ဆုံး ကမ္ဘာ့ချန်ပီယံအဖြစ်ပါ မှတ်တမ်းကောင်းပိုင်ဆိုင်ခဲ့သည်။

ဂျိုရှူအာဗန်သည် UFC နှင့် လက်တွဲပြီးနောက် ၁၀ ပွဲထိုးသတ်ရာတွင် ကိုးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံး ခြောက်ပွဲဆက်တိုက် အနိုင်ရရှိခြင်းနှင့်အတူ ကမ္ဘာ့ချန်ပီယံဖြစ်လာခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-UFC**

# ဆီးဂိမ်း ကြက်တောင်အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းများ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ရ

**ရန်ကုန် ဒီဇင်ဘာ ၇**

(၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ၏ ကြက်တောင်အသင်းလိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်က သာမတ်ဆက်တက္ကသိုလ်၌ ကျင်းပရာ မြန်မာအသင်းများ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။

အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်သင်းသာရှိသဖြင့် အိမ်ရှင်ထိုင်းအသင်းက ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားရပြီး ကျန်ခြောက်သင်းမှာ ကွာတားဖိုင်နယ် ကစားရခြင်းဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲများတွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို သုံးပွဲ-ပွဲမရှိ၊ စင်ကာပူအသင်းက ဖိလစ်ပိုင်အသင်းကို သုံးပွဲ-ပွဲမရှိ၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တွင် အိမ်ရှင်ထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အသင်းလိုက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် တစ်ဦးချင်းပွဲစဉ် နှစ်ပွဲ၊ နှစ်ယောက်တွဲပွဲစဉ် တစ်ပွဲ ယှဉ်ပြိုင်ခဲ့ရသည်။ တစ်ဦးချင်းပြိုင်ပွဲတွင် သက်ထားသူဇာက အင်ဒိုနီးရှားကစားသမား ပူထရီကို ၂-၁ ပွဲ၊ အိမ့်ချစ်ဖူးက အင်ဒိုနီးရှားကစားသမား မာရီစကာကို နှစ်ပွဲပြတ်၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုလာဒ်နှင့် ခိုင်သဥ္စာအတွဲက အင်ဒိုနီးရှားအတွဲကို နှစ်ပွဲပြတ်တို့ဖြင့် ရှုံးနိမ့်ခဲ့သည်။




အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်သင်းသာရှိသဖြင့် အင်ဒိုနီးရှားအသင်းက ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားရပြီး ကျန်ခြောက်သင်းမှာ ကွာတားဖိုင်နယ်အဆင့်မှ ကစားခဲ့ရသည်။ ကွာတားဖိုင်နယ်တွင် ထိုင်းအသင်းက မြန်မာအသင်းကို သုံးပွဲ-ပွဲမရှိ၊ စင်ကာပူအသင်းက လာအိုအသင်းကို သုံးပွဲ-ပွဲမရှိ၊ မလေးရှားအသင်းက ဖိလစ်ပိုင်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာကြက်တောင်အသင်းသည် တစ်ဦးချင်း၊ နှစ်ယောက်တွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MBF**

### ❖ ဆီးဂိမ်းမှ

သုံးသင်းသာပါဝင်သည့် အုပ်စု(A)တွင် အိမ်ရှင်ထိုင်းအသင်းက အုပ်စုပထမရရန် သေချာသလောက်ရှိနေသဖြင့် ကျန်တစ်နေရာအတွက် အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့ပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး အင်ဒိုနီးရှားအသင်းက နိုင်ပွဲရယူကာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။ စင်ကာပူအသင်းသည် ထိုင်းနှင့်ကစားရန် ကျန်သေးသော်လည်း အုပ်စုမှထွက်ရန် သေချာသွားပြီဖြစ်သည်။

၂၂ မိနစ်တွင် ဖာဟာန်နက်စ်က စင်ကာပူအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၃၁ မိနစ်တွင် အီဇာက အင်ဒိုနီးရှားအသင်းအတွက် ချေပဂိုး ပြန်သွင်းကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၆၃ မိနစ်တွင် ကာလူဒီရာ၊ ၉၀+၅ မိနစ်တွင် အူလီယာတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

အုပ်စု (A) တွင် ထိုင်းအသင်းက တစ်ပွဲကစား သုံးမှတ်၊ အင်ဒိုနီးရှားအသင်းက ပွဲကုန်နှစ်ပွဲကစား သုံးမှတ်ရရှိထားပြီး စင်ကာပူအသင်းမှာမူ တစ်ပွဲကစား အမှတ်မရသေးပေ။ နောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-မောင်စံကြီး**
**ဓာတ်ပုံ-FAS**

### ❂ ကျောဖုံးမှ

မြန်မာအသင်းသည် အုပ်စုပထမနေရာ ရယူလိုပါက မလေးရှားအသင်းကို ဂိုးပြတ်သွင်းယူနိုင်ရန် လိုအပ်သော်လည်း ဖိလစ်ပိုင်နှင့်ပွဲတွင် ဒဏ်ရာရကစားသမားအချို့ ရှိထားသဖြင့် နည်းပြချုပ်ဖြစ်သူ ယုကီအနေဖြင့် လာမည့်ပွဲများအတွက် တွက်ချက်ကာ ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် မလေးရှားအသင်းထံမှ သုံးမှတ်ရယူနိုင်ရန် မခက်ခဲသော်လည်း ဂိုးပြတ်သွင်း၊ မသွင်းသာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း-ထွဏ်းသွေးအိမ်၊ ဓာတ်ပုံ-MFF**

## ဒေါ်သန္တာဝင်း၏ဖခင်မှာ ဦးသိန်းထူး(ခ)ဦးထွန်းလင်းသည် တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်သန္တာဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်တွင် ဖခင်အမည်မှာ ဦးသိန်းထူးဖြစ်ကြောင်း ဖော်ပြထားပြီး တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်အမှတ်(၁၅၂၅၇၇)၊ ခုံအမှတ်(ဆဒပ-၁၂၆/၂၀၁၆) ၏လက်မှတ်တွင် ဖခင်အမည်မှာ ဦးထွန်းလင်းဟု ဖော်ပြထားပါသည်။ ကျွန်မ၏ဖခင်သည် ဦးသိန်းထူး (ခ)ဦးထွန်းလင်းဖြစ်ပြီး ၎င်းသည် တစ်ဦးတည်းဖြစ်ပြီး ကျွန်မ၏ ဖခင်၏ အမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန္တာဝင်း[၁၂/ဒပန(နိုင်)၀၇၀၆၆၉]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ်-၅၈၉၊ ဦးပိုင်အမှတ်(၁၁-က)၊ ၈၅လမ်း၊ ၂၈x၂၉ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမောင်မောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၂၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းဝင်း[၉/မရမ(နိုင်)၀၁၄၄၂၄]၊ ဒေါ်ခင်မိမိ [၉/မရမ(နိုင်)၀၁၁၅၈၄]တို့က အမှုတွဲအမှတ်(၀၄၄၇/ဘ(ပြောင်း) /၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ်-၅၈၇၊ ဦးပိုင်အမှတ် ၃၅-ခ၊ ၂၉x၃၀ကြား၊ ၈၄x၈၅ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မြတ်မွန်[၉/မနတ(နိုင်)၀၅၂၂၇၉]၊ ဒေါ်အေးအေးသင်း[၉/မနတ(နိုင်)၀၉၆၃၂၄]၊ ဒေါ်အေးအေးသန်း[၉/မနတ(နိုင်)၀၅၅၁၅၁]တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၅၇၁၊ ဦးပိုင်အမှတ် ၃၁၊ ၈၁လမ်း၊ ၃၁x၃၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမောင်မောင်မြင့်[၉/မရမ(နိုင်)၀၅၃၅၄၆]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

